# အလုပ်ရုံဆွေးနွေးပွဲအစီရင်ခံစာ



**ကောင်းမွန်သောဒေသန္တရအုပ်ချုပ်ရေးစနစ်နှင့်ပြည်သူ့အခြေပြုဝန်ဆောင်မှုလုပ်ငန်းများ ဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ** - ဒေသတွင်းရှိ အကောင်းဆုံး အတွေ့အကြုံများမှ ကျွန်ုပ်တို့ ဘာတွေလေ့လာ နိုင်သနည်း

၁၇ - ၁၈ ဩဂုတ်လ ၂၀၁၃ ခုနှစ်

နေပြည်တော်၊ မြန်မာ။

မြန်မာနိုင်ငံ ပြည်ထောင်စုအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန နှင့်
ကုလသမဂ္ဂငွေကြေးအရင်းအနှီးဖွံ့ဖြိုးရေးအဖွဲ့တို့နှင့်အတူတွဲဖက်၍
ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(မြန်မာ)က စီစဉ်ဆောင်ရွက်သည်။



# ကောင်းမွန်သောဒေသန္တရအုပ်ချုပ်ရေးစနစ်နှင့်ပြည်သူ့အခြေပြုဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ - ဒေသတွင်းရှိ အကောင်းဆုံး အတွေ့အကြုံများမှ ကျွန်ုပ်တို့ ဘာတွေလေ့လာ နိုင်သနည်း

မြန်မာနိုင်ငံ ပြည်ထောင်စုအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန နှင့်
ကုလသမဂ္ဂငွေကြေးအရင်းအနှီးဖွံ့ဖြိုးရေးအဖွဲ့တို့နှင့်အတူတွဲဖက်၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(မြန်မာ)က
စီစဉ်ဆောင်ရွက်သည်။

ဤအစီရင်ခံစာတွင်ဖော်ပြထားသော အမြင်များသည် စာရေးသူ(များ)၏ အမြင်များသာဖြစ်ပြီး၊ **UNDP**အပါအဝင် ကုလသမဂ္ဂ သို့မဟုတ် အဖွဲ့ဝင်နိုင်ငံများ၏ အမြင်များကို ကိုယ်စားပြုတင်ပြ ထားခြင်း မဟုတ်ပါ။

## မာတိကာ

နောက်ဆက်တွဲများ၊ အတိုကောက်ဝေါဟာရများ က

**အလုပ်ရုံဆွေးနွေးပွဲနောက်ခံအကြောင်းအရာနှင့်ရည်ရွယ်ချက်များ ၂-၅**

နောက်ခံအကြောင်းအရာ ၂

အလုပ်ရုံဆွေးနွေးပွဲကျင်းပရသည့်အကြောင်းအရင်းနှင့်ရည်ရွယ်ချက်များ ၄

အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများ ၅

**ပထမနေ့ - ဆွေးနွေးတင်ပြချက်များ ၆-၈**

ကြိုဆိုနှုတ်ခွန်းဆက်မိန့်ခွန်း ၆

ဒေသန္တရအုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲမှုများ - နိဒါန်းပျိုးခြင်း ၇

မြန်မာနိုင်ငံအခြေအနေ ၇

UNDP မိန့်ခွန်း ၈

အရှေ့တောင်အာရှဒေသတွင်းရှိ အုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲမှုများ - ခြုံငုံသုံးသပ်ခြင်း ၈

**ဒေသန္တရအုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲမှု - အတွေ့အကြုံများမှလေ့လာခြင်း ၁၀-၁၆**

အင်ဒိုနီးရှား - အုပ်ချုပ်ရေးနှင့်အစိုးရကဏ္ဍပြုပြင်ပြောင်းလဲမှုများ ၁၁

ကမ္ဘောဒီးယား - အများပြည်သူပါဝင်၍ စီမံကိန်း ရေးဆွဲခြင်းနှင့် ဒေသန္တရဖွံ့ဖြိုးရေးရန်ပုံငွေ ၁၂

အုပ်ချုပ်ရေးစနစ်ဆန်းစစ်မှုများ - ၁၃

မြန်မာနိုင်ငံအတွက်အသုံးပြုနိုင်မည့် အရှေ့တောင်အာရှဒေသမှ နမူနာများ ၁၃

နိဒါန်း - အုပ်ချုပ်ရေးစနစ်ဆန်းစစ်မှုများသည် ကောင်းမွန်သော ဒေသန္တရ အုပ်ချုပ်ရေးစွမ်းဆောင်မှုအတွက် အဘယ်ကြောင့်ဆီလျော်မှုရှိပါသနည်း၊ ၁၃

အတွေ့အကြုံအသေးစိတ်လေ့လာချက် - ဗီယက်နမ် - ပြည်သူ့ရေးရာစီမံခန့်ခွဲမှု စွမ်းဆောင်ရည်အညွှန်းကိန်း (ပီအေပီအိုင်) ၁၅

ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်အတွက် လေ့လာမှုစွမ်းရည် - မြန်မာနိုင်ငံရှိ ပြည်နယ်/တိုင်းဒေသကြီး နှင့် မြို့နယ်အဆင့်များအတွက် အဆိုပြုသည့်နည်းစနစ် ၁၆

**စုံညီဆွေးနွေးပွဲ ၁၉**

**ပထမနေ့ - အုပ်စုဖွဲ့ဆွေးနွေးမှုများ** ၂၁-၂၄

ဒေသန္တရအုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲမှု - မြန်မာနိုင်ငံအတွက် အတွေ့အကြုံများ၏ ဆီလျော်မှုရှိခြင်း ၂၁

ခေါင်းစဉ် ၁ - မြန်မာနိုင်ငံရှိ ဒေသန္တရအုပ်ချုပ်ရေးစနစ်နှင့် စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု ၂၁

အုပ်စု ၁ ၂၁

အုပ်စု ၂ ၂၃

ခေါင်းစဉ် ၂ - မြန်မာနိုင်ငံတွင် ဒေသန္တရအုပ်ချုပ်ရေးစနစ်လေ့လာမှုအတွက် အဆိုပြုသည့်နည်းစနစ် ၂၃

အုပ်စု ၃ ၂၄

အုပ်စု ၄ ၂၄

**ပထမနေ့ - ပြန်လည်တင်ပြခြင်းနှင့်ဆွေးနွေးခြင်း** ၂၅-၂၆

**ဒုတိယနေ့ - ဆွေးနွေးတင်ပြချက်များ** ၂၈-၃၂

ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုပေးခြင်း ၂၈

ပထမနေ့ ဆွေးနွေးချက်များကိုခြုံငုံ၍ ပြန်လည်တင်ပြခြင်းနှင့် ဒုတိယနေ့အစီအစဉ် ၂၈

များကို မိတ်ဆက်ခြင်း

မြန်မာနိုင်ငံတွင် ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုအတွက် အသစ်ဆောင်ရွက်ချက်များ ၂၈

ပြည်သူဗဟိုပြု ဝန်ဆောင်မှုများ- ဒေသတွင်းရှိ နိုင်ငံများထံမှ နမူနာများ ၂၉

ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုနှင့် အစိုးရနှင့်ပုဂ္ဂလိက လက်တွဲဆောင်ရွက်ခြင်း PPP (ယူအင်န် ဒီပီ ၏ ရှုထောင့်) ၃၀

လာအိုပြည်သူ့သမ္မတနိုင်ငံ - ဝန်ဆောင်မှုပေးခြင်း ကောင်းမွန်ရေးအတွက် ပြည်သူ့ရေးရာ ခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲခြင်း ၃၁

နီပေါနိုင်ငံ ဒေသန္တရအုပ်ချုပ်ရေးနှင့် ရပ်ရွာအသိုင်းအဝန်းကဦးဆောင်သည့် ဖွံ့ဖြိုးမှုများ ၃၂

အန္ဒိယနိုင်ငံ- ပြည်သူကိုပိုမို၍ ဗဟိုပြုသော ဝန်ဆောင်မှုပေးခြင်းနှင့် တာဝန်ခံခြင်းအတွက် သတင်းအချက် အလက်များ ရရှိရေး ၃၂

စုံညီဆွေးနွေးပွဲ ၃၃

**ဒုတိယနေ့ - အုပ်စုအဖွဲ့ဆွေးနွေးခြင်း** ၃၃-၃၆

ပြည်သူ့အခြေပြုဝန်ဆောင်မှုလုပ်ငန်းများ - မြန်နိုင်ငံအတွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ ၃၃

အုပ်စု ၁ - ပြည်သူဗဟိုပြုဝန်ဆောင်မှု ပေးရာတွင် အစိုးရနှင့် ပုဂ္ဂလိက လက်တွဲလုပ်ကိုင်ခြင်း၊ PPP ၃၄

အုပ်စု ၂ - ဒေသန္တရစီမံကိန်းရေးဆွဲရာတွင် နိုင်ငံသားများ ပါဝင်ဆောင်ရွက်ရေးနှင့် အားလုံးအတွက် ဝန်ဆောင်မှုပေးခြင်း ၃၅

အုပ်စု ၃ - ပွင့်လင်းမြင်သာမှုကို ပိုမိုကောင်းမွန်စေခြင်း၊ သတင်းအချက်အလက်များ ရရှိရေး ၃၆

အုပ်စု ၄ - ဝန်ဆောင်မှု ပိုမိုပေးနိုင်ရေးအတွက် ဖွဲ့စည်းခြင်းနှင့် အဖွဲ့အစည်းများ၏စွမ်းရည်တိုးတက်လာရေး ၃၆

**ဒုတိယနေ့ - ပြန်လည်တင်ပြခြင်းနှင့်ဆွေးနွေးခြင်း** ၃၇

**ဒုတိယနေ့ - နိဂုံး** ၃၇-၄၀

အတွေ့အကြုံများကို လက်တွေ့အသုံးချခြင်း - မည်သည့်မှတ်သားစရာများ ယူဆောင်သွားရမည်နည်း။ ၃၇

သဘာပတိ - ဦးကိုကိုလှိုင် ၃၇

တင်ပြဆွေးနွေးသူ - ဦးထွန်းလှအောင် ၃၇

တင်ပြဆွေးနွေးသူ - ဦးဇော်လင်းထွန်း ၃၈

တင်ပြဆွေးနွေးသူ - မစ္စတာခရစ်မီလီဂန် ၃၈

တင်ပြဆွေးနွေးသူ - မစ္စတာ တွိုင်းလီ ကူဘာနော့ဗ် ၃၉

တင်ပြဆွေးနွေးသူ - ဒေါက်တာဇော်ဦး ၄၀

**ဆွေးနွေးပွဲ-ပိတ်ပွဲ အစီအစဉ်** ၄၀

သဘာပတိအဖွဲ့ဝင် - ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့် ၄၀

သဘာပတိအဖွဲ့ဝင် - မစ္စတာ တွိုင်းလီ ကူဘာနော့ဗ် ၄၀

## နောက်ဆက်တွဲများ

နောက်ဆက်တွဲ ၁ - အလုပ်ရုံဆွေးနွေးပွဲအစီအစဉ် - **ကောင်းမွန်သော ဒေသန္တရ အုပ်ချုပ်ရေးစနစ် နှင့်ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ** - ဒေသတွင်းရှိ အကောင်းဆုံး အတွေ့အကြုံများမှ ကျွန်ုပ်တို့ ဘာတွေ လေ့လာနိုင်သနည်း။

### အတိုကောက်ဝေါဟာရများ

**CBO**: လူထုအခြေပြုအဖွဲ့အစည်း

**CCWC**:အမျိုးသမီးများနှင့်ကလေးသူငယ်များ ရေးရာကော်မတီ

**CDP**: ကွန်မြူးအဖွဲ့များဖွံ့ဖြိုးရေးစီမံကိန်း

**CECODES**: ရပ်ရွာလူထုအဖွဲ့အစည်းပံ့ပိုးမှုနှင့်ဖွံ့ဖြိုးမှုလေ့လာရေးဗဟိုဌာန

**CRC**: ပြည်သူ၏အကဲဖြတ်မှတ်တမ်း

**C/S**:ကွန်မြူး/ဆန်းကတ်(ကမ္ဘောဒီးယား)

**CSC**:ရပ်ရွာလူထု၏ အမှတ်ပေးကတ်ပြား

**CSO**: အရပ်ဘက်လူမှုအဖွဲ့အစည်း

**D&D**:ဗဟိုစုစည်းမှုလျှော့ချပေးခြင်းနှင့်ဗဟိုချုပ်ကိုင်မှုလျှော့ပါးစေခြင်း (ကမ္ဘောဒီးယား)

**DDF**: ခရိုင်ဖွံ့ဖြိုးမှုရန်ပုံငွေ

**FESR**:စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာအခြေခံမူဘောင်

**GAD**: အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**GDP**: စုစုပေါင်းပြည်တွင်းထုတ်ကုန်

**GPAR**:အစိုးရ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးအစီအစဉ်

**GSA**:အုပ်ချုပ်ရေးစနစ်ကိုယ်တိုင်ဆန်းစစ်ချက်

**HRBA**:လူ့အခွင့်အရေးအခြေခံသောချဉ်းကပ်နည်းလမ်း

**IAS**: အိန္ဒိယအုပ်ချုပ်ရေးဝန်ထမ်း

**MDG**:ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်

**MDRI**:မြန်မာ့ဖွံ့ဖြိုးရေးအရင်းအမြစ်အဖွဲ့

**MNPED**:အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

**MoHA**: ပြည်ထဲရေးဝန်ကြီးဌာန

**MP**: လွှတ်တော်ကိုယ်စားလှယ်

**NCDD**:ဒေသန္တရအဆင့်ဒီမိုကရေစီဖွံ့ဖြိုးရေးအမျိုးသားကော်မတီ ၊ ကမ္ဘောဒီးယားနိုင်ငံ

**NGO**: အစိုးမဟုတ်သောအဖွဲ့အစည်း

**PAPI**:ပြည်သူ့အုပ်ချုပ်ရေးစွမ်းဆောင်ရည်အညွှန်းကိန်း

**PAR**:ပြည်သူ့ရေးရာစီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲမှုများ

**PPP**: အစိုးရ-ပုဂ္ဂလိကမိတ်ဖက်ဆောင်ရွက်မှု

**UN**: ကုလသမဂ္ဂ

**UNCDF**:ကုလသမဂ္ဂငွေကြေးအရင်းအနှီးဖွံ့ဖြိုးရေးအဖွဲ့

**UNDP**: ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်

**UNICEF**: ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့

**VFF**:ဗီယက်နမ်အဖနိုင်ငံတော်ဗဟိုတပ်ဦးအဖွဲ့



## အလုပ်ရုံဆွေးနွေးပွဲ နောက်ခံအကြောင်းအရာ နှင့် ရည်ရွယ်ချက်များ

### နောက်ခံအကြောင်းအရာ

၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အတည်ပြုလိုက်ခြင်းနှင့်အတူ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးများ စတင်ခဲ့ပြီး၊ ၂၀၁၀ ခုနှစ်တွင် ကျင်းပသော ရွေးကောက်ပွဲများ အပြီးတွင် သိသာထင်ရှားစွာ အရှိန်အဟုန်ကောင်းလာခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်က ပြည်ထောင်စုအဆင့် အစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် အစိုးရတို့ကြား တာဝန်ခွဲဝေမှုအပြင် အဆိုပါ အဆင့်နှစ်ခုလုံးရှိ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကြား အာဏာခွဲဝေမှုကိုလည်း ပြဋ္ဌာန်းပေးထားပါသည်။ ဤပြောင်းလဲမှုများသည် မြန်မာနိုင်ငံ၏အုပ်ချုပ်ရေးစနစ် တည်ဆောက်ပုံ အခြေခံအုတ်မြစ်ကို အကျိုးသက်ရောက်မှုများဖြစ်စေပါသည်၊ အကြောင်းအရင်းမှာ ၄င်းတို့သည် မြန်မာအဖွဲ့အစည်းအတွင်းရှိ နိုင်ငံတော်နှင့် အခြားသောပါဝင်ဆောင်ရွက်သူများ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များကိုပြန်လည်သတ်မှတ်ပေးပြီး၊ ယင်းသည် အနာဂတ် မြန်မာနိုင်ငံတွင် အရင်းအမြစ်များ ခွဲဝေသတ်မှတ်ခြင်းနှင့် ဖြန့်ဝေပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ် ရာတွင် နည်းလမ်းတစ်ရပ်အနေဖြင့် အစိုးရအဖွဲ့အစည်းများကြား အပြန်အလှန် ဆက်ဆံဆောင်ရွက်မှု လုပ်ငန်းယန္တရားများကို သတ်မှတ်ပြဋ္ဌာန်းပေးထားသောကြောင့် ဖြစ်ပါသည်။

အဆိုပါပြုပြင်ပြောင်းလဲမှုများ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးရေးနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်၊ အောက်ခြေမှစတင်သည့် စီမံကိန်းရေးဆွဲခြင်းနှင့် ရပ်ရွာလူထုအဖွဲ့အစည်းက သတ်မှတ်ပေးသည့် ဦးစားပေးလုပ်ငန်းများနှင့် လိုအပ်ချက်များကို ပိုမိုတုံ့ပြန်မှုပေးနိုင်သည့် ဝန်ဆောင်မှုပေးအပ်ခြင်းတို့၏ အရေးပါမှုကို ပိုမိုအလေးထားလာပါသည်။ ယင်းကိစ္စရပ်များသည် အတိတ်ကာလ၌ အသုံးပြုခဲ့သောနည်းလမ်းများနှင့် အလွန်အမင်း ကွာခြားချက်များရှိနေပြီး၊ မြန်မာနိုင်ငံအစိုးရနှင့်နိုင်ငံသားများ၏ စံနှုန်းနှင့်တန်ဖိုးထားမှုများတွင် အခြေခံကျကျ ပြောင်းလဲမှု လိုအပ်နေခြင်းများကြောင့် နေချင်းညချင်း အောင်မြင်မှုရရှိရန် မဖြစ်နိုင်ကြောင်း ကမ္ဘာအနှံ့ရှိ အခြားသော တိုင်းပြည်များ၏ အတွေ့အကြုံများက ဖော်ပြနေပါသည်။

မြန်မာနိုင်ငံရှိ ဆောင်ရွက်ဆဲ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးသည် ပြည်သူ့အုပ်ချုပ်ရေးစနစ်၏ ထိရောက်မှုရှိမှုနှင့် သက်ဆိုင်သူများအားလုံး ပါဝင်ဆောင်ရွက်သည့် စွမ်းရည်ပြည့်ဝသော၊ ထိရောက်မှုရှိသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ တာဝန်ယူမှုရှိသော၊ ဆန်းသစ်တီထွင်ဖန်တီးမှုရှိသော အုပ်ချုပ်ရေးစနစ်တစ်ရပ်မြင့်တင်ဆောင်ရွက်ခြင်းတို့အပေါ်တွင် များစွာ မူတည်နေမည်ဖြစ်ပါသည်။အစိုးရနှင့်ပက်သက်သည့် ယုံကြည်မှုကို ပိုမိုခိုင်မာ အားကောင်းစေရေးအတွက် နိုင်ငံသားဗဟိုပြုမှုရှိပြီး၊ မျှတမှုရှိသော မူဝါဒများ၊ အစီအစဉ်များနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို စီမံကိန်းရေးဆွဲရန်၊ အကောင်အထည်ဖော်ရန်နှင့် အကဲဖြတ်ရန် သင့်တော်သော အဖွဲ့အစည်းများ၊ စနစ်များနှင့် လုပ်ငန်းယန္တရားများကို နေရာတကျထားရှိဆောင်ရွက်ရန် လိုအပ်ပါသည်။

တစ်ချိန်တည်းတွင် အစိုးရဝန်ထမ်းများအနေဖြင့် လိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများကို အချိန်ကိုက် ထိထိရောက်ရောက် ပေးအပ်ရန်၊ ပွင့်လင်းမြင်သာမှုရှိစွာနှင့် ကိုယ်ကျင့်တရားရှိစွာ ပြုမူဆောင်ရွက်ရန်၊ တာဝန်ယူမှုနှင့်ရိုးသားဖြောင့်မှန်မှုကိုပြသရန်၊ ပြည်သူတို့၏ လိုအပ်ချက်များကို တုံ့ပြန်ဖြေရှင်းပေးရန်နှင့် ပြည်သူတို့ကြားတွင် မတူကွဲပြားခြားနားသော လိုအပ်ချက်များကို ကြည့်ရှုဆောင်ရွက်တတ်ရန် လိုအပ်မည်ဖြစ်ပါသည်။ အစိုးရဝန်ထမ်းများသည် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပြည်သူ့လုံခြုံရေး၊ အခြေခံအဆောက်အအုံ၊ ပတ်ဝန်းကျင်ကာကွယ်ရေးစသည့် အစိုးရလုပ်ငန်းများ၏ ကဏ္ဍတိုင်းတွင် ပါဝင်ဆောင်ရွက်နေကြပြီး၊ ၎င်းတို့အများစုသည် နိုင်ငံသားများနှင့် တိုက်ရိုက်ထိတွေ့လုပ်ကိုင်နေကြရကာ၊ အစိုးရ၏ မျက်နှာစာအဖြစ် ကိုယ်စားပြု ဆောင်ရွက်ကြရပါသည်။ ထို့ကြောင့် အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှု၊ ကိုယ်ကျင့်တရား၊ သဘောထားများ နှင့် လုပ်ငန်းကွန်ယက်များ စသည့်ရှုထောင့်များမှ အစိုးရဝန်ထမ်းများ၏ အရည်အသွေးများသည် ပြည်သူများက ၎င်းတို့၏ အစိုးရအပေါ်တွင် ယုံကြည်မှုကို ဖန်တီးပေးနိုင်သည် သို့မဟုတ် ပျက်စီးစေနိုင်ပါသည်။

အခြားတစ်ဖက်ကကြည့်လျှင် နိုင်ငံသားများက ၎င်းတို့၏လိုအပ်ချက်များနှင့် ဦးစားပေးလုပ်ငန်းများကို ထုတ်ဖော်တင်ပြနိုင်ရေးအတွက် ၎င်းတို့နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ပံ့ပိုးမှုပေးခြင်းတို့သည်လည်း အုပ်ချုပ်မှုအရည်အသွေးကိုမြှင့်တင်ရန်နှင့် ပြည်သူ့အခြေပြုဝန်ဆောင်မှုပေးခြင်းလုပ်ငန်းတို့ကို အာမခံချက်ပေးရန်တို့အတွက် အရေးကြီးပါသည်။ ဤကိစ္စရပ်သည်လည်း နိုင်ငံသားများအား ၎င်းတို့၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို အသိပေးရန်နှင့် ၎င်းတို့အား ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များတွင် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်စေရေးနည်းလမ်းများနှင့် စွမ်းရည်များ ဖြည့်ဆည်းပေးရန်တို့အတွက် စွမ်းရည်တည်ဆောက်မှုကို လိုအပ်စေပါသည်။

အဆိုပါမူဝါဒများကို လက်တွေ့အဖြစ် ပြောင်းလဲဆောင်ရွက်ရန် မြန်မာနိုင်ငံအစိုးရ၏ အဆင့်အားလုံး နှင့်ကဏ္ဍအားလုံးတို့တွင် ခေါင်းဆောင်မှုနှင့် တာဝန်ယူမှုတို့သည် အလွန်အရေးကြီးပြီး၊ အလယ်အလတ်အဆင့်ရှိ အစိုးရအဖွဲ့အစည်းများ (ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်များ)သည် ဤလုပ်ငန်းစဉ်တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက် မည်ဖြစ်သည်။

အကျဉ်းချုပ်အားဖြင့် မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အောင်မြင်မှုအတွက် အဓိကကျသော ပါဝင်သည့်အစိတ်အပိုင်းများမှာ အောက်ပါတို့ဖြစ်လိမ့်မည်ဖြစ်သည် -

၁။ သက်ဆိုင်ရာပါဝင်ဆောင်ရွက်သူများနှင့် မိတ်ဖက်ဖွဲ့စည်းဆောင်ရွက်သည့်စွမ်းရည်ပြည့်ဝသော၊ ထိရောက်မှုရှိသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ တာဝန်ယူမှုရှိသော အစိုးရတစ်ရပ်ကို အထောက်အကူပြုပေးမည့် ကောင်းမွန်စွာ လည်ပတ်ဆောင်ရွက်နိုင်သည့် ဖွဲ့စည်းမှုပုံစံများ၊ စနစ်များနှင့် ယန္တရားများကို ဒေသန္တရအဆင့်၌ တည်ထောင်ခြင်း။ ဤဖွဲ့စည်းမှုပုံစံများသည် နိုင်ငံသားများမှ ၎င်းတို့၏ လိုအပ်ချက်များနှင့် ဦးစားပေးလုပ်ငန်းများကို ဖော်ထုတ်နိုင်ရေး စီမံကိန်းများရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အကဲဖြတ်ခြင်းတို့တွင်သာမက၊ နိုင်ငံသားများက ၎င်းတို့၏ အစိုးရအား တာဝန်ယူဆောင်ရွက်

လာစေရန်ကို ထိန်းကြောင်းပေးနိုင်စေရန်တို့အတွက် အစိုးရအား နိုင်ငံသားများနှင့် ပိုမိုတက်ကြွစွာ အပြန်အလှန်ဆက်ဆံဆောင်ရွက်နိုင်စေရန် အာမခံချက်ပေးမည်ဖြစ်သည်။

၂။ အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှု၊ ကိုယ်ကျင့်တရား နှင့် သဘောထားများ စသည့် ရှုထောင့်များမှ အစိုးရဝန်ထမ်းများ၏အရည်အသွေးများ။ အစိုးရဝန်ထမ်းများသည် အစိုးရ၏မျက်နှာစာများ ဖြစ်ကြပြီး၊ အစိုးရအပေါ်တွင် ပြည်သူတို့၏ယုံကြည်မှုကို တည်ဆောက်ပေးနိုင်သလို၊ ဖျက်ဆီးပစ်နိုင်ပါသည်။ ဤအခြေအနေသည်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း၌ စွမ်းရည်ဖွံ့ဖြိုးရေးကို အရေးကြီးသော အခြေခံအချက်တစ်ခု ဖြစ်စေပါသည်။

၃။ ဆောင်ရွက်ဆဲ ဒီမိုကရေစီတည်ဆောက်ရေးလုပ်ငန်းစဉ်ကို ရေရှည်တံ့စေရန်နှင့် လူ့အဖွဲ့အစည်းအတွင်းအခိုင်အမာအခြေစိုက်နိုင်စေရန်တို့အတွက် အစိုးရအားတာဝန်ယူဆောင်ရွက်မှုကို ထိန်းကျောင်းပေးရေးနှင့် ဒေသန္တရနှင့် နိုင်ငံတော် အဆင့်တို့၌ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် အပြုသဘောဆောင်သော ပါဝင်ဆောင်ရွက်မှုတို့ပြုလုပ်ရေးတို့အတွက် နိုင်ငံသားများ အထူးသဖြင့် အရပ်ဘက် လူမှုအဖွဲ့အစည်း၏ စွမ်းဆောင်ရည်မြှင်တင်ပေးမှုလည်း လိုအပ်မည်ဖြစ်သည်။

## အလုပ်ရုံဆွေးနွေးပွဲကျင်းပရသည့်အကြောင်းအရင်းနှင့်ရည်ရွယ်ချက်များ

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ပံ့ပိုးပေးရန်နှင့် ကောင်းမွန်သောဒေသန္တရအုပ်ချုပ်ရေး စနစ်နှင့် ပြည်သူ့အခြေပြုဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ သို့ဦးတည်မှုကို တွန်းအားပေးရန် အ တွက် မြန်မာနိုင်ငံအစိုးရ (အထူးသဖြင့် ပြည်ထဲရေးဝန်ကြီးဌာန) နှင့် UNCDFတို့နှင့် မိတ်ဖက်ပူးပေါင်းလျက် UNDPသည် အစိုးရနှင့်အရပ်ဘက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များ၊ မီဒီယာများ၊ ပညာရှင်များနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် နေပြည်တော်၌ကျင်းပသော ၂ ရက်တာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲသို့ တစ်စုတစ်ဝေးတည်း တက်ရောက်နိုင်စေရန် စီစဉ်ပေးခဲ့ပါသည်။

ဤအလုပ်ရုံဆွေးနွေးပွဲသည် UNDP/UNCDF တို့၏နိုင်ငံလုံးဆိုင်ရာ လုပ်ငန်းအစီစဉ်တစ်ရပ်ဖြစ်သည့် "တုံ့ပြန်မှု ကောင်းသောဒေသန္တရအုပ်ချုပ်ရေးစနစ် ပံ့ပိုးပေးခြင်း"တွင် အရေးပါသော ပထမခြေလှမ်းတစ်ရပ်ဖြစ်ပြီး၊ အများပါဝင်မှုရှိသော စီမံကိန်းရေးဆွဲခြင်း၊ တုံ့ပြန်မှုရှိသော ထိရောက်မှုရှိသောဝန်ဆောင်ပေးခြင်း၊ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲခြင်းနှင့် ပဋိပက္ခတားဆီးခြင်း အစရှိသည့် ကဏ္ဍများတွင်ဒေသန္တရအစိုးရအဖွဲ့များ(ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ)၏ ဖွဲ့စည်းဆောင်ရွက်မှုဆိုင်ရာ စွမ်းရည်ကို ပိုမိုအကောင်းလာစေရန် ရည်ရွယ်ပါသည်။ ဤအစီအစဉ်သည် အလွှာပေါင်းစုံအုပ်ချုပ်ရေးစနစ်တစ်ခုတွင် အရေးကြီးသည့် ပါဝင်ဆောင်ရွက်သူများဖြစ်သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာမီဒီယာများပိုမိုခိုင်

မာအားကောင်းလာစေရေးအတွက် ပံ့ပိုးမှုများကို လည်းပေးအပ်ပါသည်။

ပါဝင်တက်ရောက်သူပေါင်း ၂၀၀ ကျော်နှင့်အတူ ဤအလုပ်ရုံဆွေးနွေးပွဲသည် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အပေါ် ပွင့်လင်းပြီး အပြုသဘော ဆောင်သော တွေ့ဆုံဆွေးနွေးမှုတစ်ရပ်ကို အထောက်အကူပြုစေရန်နှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုတို့တွင် တိုးတက်မှုရရှိနေသောအခြားတိုင်းပြည်များ၏အတွေ့အကြုံများမှလေ့လာမှုပြုလုပ်နိုင်စေရန် ရည်ရွယ်ခဲ့ပါသည်။

အသေးစိတ်အားဖြင့် ဤအလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များမှာ -

၁. ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တို့၌အဓိကပါဝင်ဆောင်ရွက်နေသူများကို ဒေသန္တရအဆင့်အဖွဲ့အစည်းများ၏ ပြောင်းလဲလာသောအခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များကို ပိုမိုသိရှိလာစေရန်။
၂. အဆင့်မျိုးစုံရှိသော အုပ်ချုပ်ရေးစနစ်တစ်ခုတွင် ဝန်ဆောင်မှုပေးခြင်းနှင့် ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုတို့အပေါ် တက်ရောက်လာကြသူများ၏ နားလည်သဘောပေါက်မှု မြှင့်တင်ပေးရန်။
၃. အာရှ-ပစိဖိတ်ဒေသရှိ အခြားသော တိုင်းပြည်များတွင် ဆောင်ရွက်နေသော ဗဟိုချုပ်ကိုင်မှု လျှော့ချရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲရေး အတွေ့အကြုံများကို မျှဝေနားလည်စေရန်၊ လေ့လာမှတ်သားရန် နှင့် အသုံးချရန်။
၄. မြန်မာနိုင်ငံရှိ ဒေသန္တရအဆင့်အစိုးရ ၏ အနာဂတ်အခန်းကဏ္ဍနှင့်လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ဆွေးနွေးမှုကို အထောက်အကူပြုစေရန်နှင့် တွန်းအားပေးရန်။
၅. မြန်မာနိုင်ငံတွင် UNDPက ဆောင်ရွက်နေသော အုပ်ချုပ်ရေးစနစ် လေ့လာမှုလုပ်ငန်း အထူးသဖြင့် ယင်းလုပ်ငန်းက ဒေသန္တရအဆင့်အစိုးရအဖွဲ့အစည်းများ ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးကို အထောက်အကူပြုနိုင်သည့် အလားအလာကို သဘောပေါက်နားလည်မှုနှင့် ပံ့ပိုးမှုများ ဖန်တီးပေးရန်။
၆. UNDP၏ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းများနှင့် အထူးသဖြင့် ဒေသန္တရအုပ်ချုပ်ရေး လေ့လာမှုနှင့်ပတ်သက်သည့် ရှေ့ဆက်လက် ဆောင်ရွက်မည့်နည်းလမ်းကို ညှိနှိုင်းဆွေးနွေးရန်။

## အလုပ်ရုံဆွေးနွေးပွဲပါဝင်တက်ရောက်သူများ

ကျယ်ပြန့်သော ရှုထောင့်အမြင် အမျိုးအမျိုးကို တင်ပြနိုင်စေရန်နှင့် ညှိနှိုင်းဆွေးနွေးမှုများကို ဖြစ်နိုင်သလောက်အများပါဝင်မှုရှိစေရန် အဓိကသက်ဆိုင်ရာ အုပ်စုများအားလုံး၏ ကိုယ်စားလှယ်များကို ဖိတ်ကြားခဲ့ပါသည်။ ၎င်းတို့အထဲတွင် သမ္မတရုံးနှင့် ပြည်ထောင်စုလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ နှင့် ဦးစီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ပညာရှင်များနှင့် သုတေသနအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းအမျိုးမျိုး(CSOs)၊ ပုဂ္ဂလိကကဏ္ဍ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်များ ပါဝင်ပါသည်။

## ပထမနေ့ဆွေးနွေးတင်ပြချက်များ

အလုပ်ရုံဆွေးနွေးပွဲကို အဆင့်မြင့် အရာရှိကြီးများ၏ မိန့်ခွန်းများဖြင့် ဖွင့်လှစ်ခဲ့ခြင်းသည် ကောင်းမွန်သော ဒေသန္တရအုပ်ချုပ်ရေးစနစ်နှင့် ပြည်သူ့အခြေပြုဝန် ဆောင်မှုပေးခြင်းလုပ်ငန်းတို့၏ အဓိကအကြောင်းအရာအပေါ် တိုင်းပြည်ခေါင်းဆောင်ပိုင်း၏ ဆောင်ရွက်လိုမှုကိုပြသခြင်းဖြစ်ပါသည်။ ထို့နောက် အမျိုးမျိုးသော ဒေသန္တရအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုအတွေ့အကြုံများနှင့် ၎င်းတို့၏ မြန်မာနိုင်ငံအခြေအနေနှင့် ဆီလျော်မှုတို့ကို ဆက်လက်တင်ပြခဲ့ကြပါသည်။ ဒေသတွင်းမှ ကျွမ်းကျင်ပညာရှင်များက ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၊ ကောင်းမွန်သော ဒေသန္တရအုပ်ချုပ်ရေးနှင့် အစိုးရကဏ္ဍ၊ ပြုပြင်ပြောင်းလဲရေးကဏ္ဍများနှင့် ပတ်သက်၍ လုပ်ငန်းစဉ်များ၊ ရလဒ်များနှင့် ရရှိလာသော သင်ခန်းစာများကို တင်ပြခဲ့ကြပြီးနောက် အပြန်အလှန်မေးခွန်းများမေးမြန်းခြင်း ဖြေကြားခြင်းများပြုလုပ်ခဲ့ကြပါသည်။ UNDP က ဖော်ထုတ်ထားသော ဒေသန္တရအုပ်ချုပ်ရေးလေ့လာမှု နည်းစနစ်ကိုလည်း တင်ပြခဲ့ပြီး စိတ်ဝင်စားမှု များစွာရရှိခဲ့ပါသည်။

## ကြိုဆိုနှုတ်ခွန်းဆက်မိန့်ခွန်း

### *ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန*

အဆိုပါမိန့်ခွန်းထဲတွင် ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးကိုကိုက သမ္မတရုံးမှဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးများမှ ကိုယ်စားလှယ်များ၊ UNDP မှ ကိုယ်စားလှယ်များနှင့် အခြားအလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာသူများကို ကြိုဆိုနှုတ်ခွန်းဆက်သခဲ့ပါသည်။

ဤအမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ စီစဉ်ဆောင်ရွက်ခြင်းအတွက် UNDPအား ကျေးဇူးတင်ကြောင်းပြောကြားရင်း၊ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်ရေးတို့သည် နိုင်ငံတော်ခေါင်းဆောင်ပိုင်း၏ ဦးစားပေးလုပ်ငန်းများဖြစ်ကြောင်းကို ထပ်မံအတည်ပြုပြောကြားသွားခဲ့ပါသည်။ မြန်မာနိုင်ငံကို စစ်မှန်သော ဒီမိုကရေစီထွန်းကားသော ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတစ်ခု ဖြစ်ပေါ်စေရေးအတွက် လာဘ်ပေးလာဘ်ယူမှုများ ပပျောက်ရမည်၊ ထိရောက်မှုရှိသော ညှိနှိုင်းဆောင်ရွက်မှု ယန္တရားများတည်ဆောက်ရမည်၊ ဥပဒေအကောင်အထည်ဖော်မှုနှင့်တရားစီရင်မှုတို့ ပွင့်လင်းမြင်သာမှုရှိပြီးတာဝန်ယူမှုရှိရမည်၊ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ပြည်သူတို့ပါဝင်ဆောင်ရွက်မှုကိုအားပေးရမည် စသည့် အချက်များကို အလေးထား ပြောကြားသွားပါသည်။

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် နှင့် ရပ်ကွက်ကျေးရွာအဆင့်များတွင် ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ဖြေရှင်းရန် နည်းလမ်းများရှာဖွေရေးသည် ဤအမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲ၏ အဓိကရည်မှန်းချက်ဖြစ်ကြောင်း ပါဝင်တက်ရောက်သူများကို အသိပေးပြောကြားခဲ့ပါသည်။ အိမ်နီးချင်းနိုင်ငံများ၏ အတွေ့အကြုံများကို လေ့လာခြင်းသည် မြန်မာနိုင်ငံအတွက် အလွန်အရေးပါမည်ဖြစ်သည်။ ဝန်ကြီးက မြန်မာနိုင်ငံရှိ UNDP ၏ အုပ်ချုပ်ရေးစနစ် လေ့လာမှုလုပ်ငန်းစဉ်နှင့် အခြား လုပ်ငန်းစဉ်များကို ထောက်ခံကြောင်း

အခိုင်အမာ ပြောကြားရင်း ၎င်း၏ မိန့်ခွန်းကို အဆုံးသတ်ခဲ့ပါသည်။



## ဒေသန္တရအုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲမှုများ - နိဒါန်းပျိုးခြင်း

### မြန်မာနိုင်ငံအခြေအနေ

***အစီကမှတ်ချက်ပြု တင်ပြဆွေးနွေးသူ - ဦးလှထွန်း၊ ပြည်ထောင်စုဝန်ကြီး၊သမ္မတရုံး***

ဝန်ကြီးဦးလှထွန်းက မြန်မာနိုင်ငံတွင် ဆောင်ရွက်ဆဲ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို မိတ်ဆက်ပြောကြားခဲ့ပြီး၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ ၏ အနာဂတ် အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များကို ခြုံငုံ၍ ရှင်းလင်း တင်ပြခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ဆောင်ရွက်ခြင်း၏ အရေးပါမှုနှင့် မြန်မာပြည်သူများအတွက် အကျိုးရရှိမှုတို့ကို အလေးထားပြောကြားရင်း ဤလုပ်ငန်းစဉ်သည် လွယ်လွယ်ကူကူနှင့် ရရှိနိုင်မည်မဟုတ်ကြောင်းကိုလည်း တင်ပြသွားပါသည်။ ဤကဲ့သို့သော အခြေအနေတွင် ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းအားထုတ်မှုများကို လမ်းညွှန်မှုပေးရန် မကြာသေးမီက တည်ထောင်လိုက်သော အမျိုးသားပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီ အကြောင်းကိုလည်း ဝန်ကြီးက ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့အပြင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတွက် ပံ့ပိုးမှုကို ညှိနှိုင်းဆောင်ရွက်ရေးအတွက် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်နိုင်ရန် လုပ်ငန်းအဖွဲ့များကိုလည်း ဖွဲ့စည်းထူထောင်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်၏ ဦးတည်ချက်သည် ပြည်နယ်/တိုင်းဒေသကြီး နှင့် မြို့နယ်အဆင့်သို့ ရောက်ရှိလာခြင်းကြောင့် များစွာသော ကဏ္ဍများကို ပိုမိုအလေးထား ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ ယင်းတို့တွင် ပါဝင်သော ကဏ္ဍများမှာ -

- မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များက လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတစ်ရပ် အပါအဝင် ပေါင်းစပ်ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်း၊
- မြို့နယ်အဆင့် ပံ့ပိုးမှုကော်မတီများ ထူထောင်ခြင်းနှင့် ၎င်းတို့အား အမျိုးမျိုးသော ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်း စဉ်များတွင် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်စေ ရန်လေ့ကျင့်သင်တန်းပေးခြင်းနှင့် စွမ်းရည်ပံ့ပိုးပေးခြင်း၊
- စီမံကိန်းရေးဆွဲမှုအရည်အသွေး တိုးတက်ကောင်းမွန်စေရန် မြို့နယ်အဆင့်ရှိ အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်စီမံခန့်ခွဲမှုစနစ် တိုးချဲ့ရေးနှင့် တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊
- တာဝန်ဝတ္တရားများတိတိကျကျ လွှဲပြောင်းပေးခြင်း၊ လာဘ်ပေးလာဘ်ယူမှု ထိန်းချုပ်ခြင်းနှင့် အရင်းအမြစ်စီမံခန့်ခွဲမှုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း။

## UNDP မိန့်ခွန်း

***မစ္စတာ တိုင်းလီကာဘာနေ့ဇ်၊ ဌာနေ ညွှန်ကြား ရေးမှူး၊ UNDP၊ မြန်မာ***

၎င်း၏မိန့်ခွန်းထဲတွင် မစ္စတာ ကူဘာနေ့ဇ်က မြန်မာနိုင်ငံအတွက် UNDP၏ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်ယူဆောင်ရွက်နေသည့်ကျယ်ပြန့်သောလုပ်ငန်းအခြေအနေအတွင်း ဒေသန္တရအုပ်ချုပ်ရေးစနစ်နှင့် ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးရေးတို့၏ အရေးပါမှုကို အလေးထား ပြောကြားခဲ့ပါသည်။ အစိုးရက ဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲရေးကဏ္ဍ ၄ ရပ်စလုံး အမည်အားဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊လူမှုစီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစသည်တို့တွင် မြန်မာနိုင်ငံအား ပံ့ပိုးမှုပေးရန် UNDPက ကတိပြုထားပြီးဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

ဤအလုပ်ရုံဆွေးနွေးပွဲက အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးတို့နှင့်ပတ်သက်သည့် ပြုပြင်ပြောင်းလဲမှုတတိယအဆင့်ကို တိုက်ရိုက်အထောက်အကူပြုရန်ရည်မှန်းထားကြောင်းပြောကြားရင်း၊ မစ္စတာကူဘာနေ့ဇ်က ကောင်းမွန်သောဒေသန္တရ အုပ်ချုပ်ရေးစနစ်နှင့်ပြည်သူ့ဗဟိုပြုဝန်ဆောင်ပေးခြင်းလုပ်ငန်းများသည် လူမှုစီးပွားပြုပြင်ပြောင်းလဲရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာပြည်သူများ၏ သာယာဝပြောမှုတိုးတက်ကောင်းမွန်ရေးနှင့် နောက်ထပ်ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်စေရေးတို့အတွက် အရေးပါသောအခြေအနေများဖြစ်ကြောင်းကို တက်ရောက်လာသူများအားအသိပေးပြောကြားခဲ့ပါသည်။ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများသည် မြန်မာပြည်သူများအား ပြောရေးဆိုခွင့် တစ်ရပ်ကိုပေးအပ်ထားပြီးဖြစ်သလို၊ တစ်ချိန်တည်းတွင် ဤပြုပြင်ပြောင်းလဲမှုများအောင်မြင်မှုရရှိအောင်ဆောင်ရွက်မည့်နည်းလမ်းများ အပေါ်၌လည်း ပြည်သူများက ပြောကြားခွင့်ရရှိထိုက်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားခဲ့ပါသည်။ အစိုးရအား ပြည်သူများနှင့်ပိုမိုနီးကပ်မှုရှိလာအောင်ဆောင်ရွက်ပေးခြင်းဖြင့် ကောင်းမွန်သောအုပ်ချုပ်ရေးနှင့်ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများက ဤလုပ်ငန်းစဉ်တွင် အကူအညီပေးနိုင်ပါသည်။

နောက်ဆုံးအချက်အနေဖြင့် ဤအမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၏ အဓိကအလေးထားဆောင်ရွက်မှုလုပ်ငန်းတစ်ခုဖြစ်သည့် နိုင်ငံတကာအတွေ့အကြုံများမှသင်ခန်းစာများကို အသုံးချခြင်းဖြင့် မြန်မာနိုင်ငံ၏ စွမ်းရည်တည်ဆောက်ရေးနှင့် မူဝါဒ အစီအစဉ်များကို ဖော်ထုတ်ဆောင်ရွက်နိုင်ကြောင်း မစ္စတာကူဘာနေ့ဇ်က ပြောကြားသွားခဲ့ပါသည်။ UNDPက ယင်း၏ ဒေသန္တရအုပ်ချုပ်ရေးနှင့် အခြားသောမဏ္ဍိုင်များမှတစ်ဆင့် အစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ပံ့ပိုးပေးသွား မည်ဖြစ်ကြောင်း ၎င်းက ထပ်မံ၍ အတည်ပြုပြောကြားသွားခဲ့ပါသည်။

## အရှေ့တောင်အာရှဒေသတွင်းရှိ အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲမှုများ- ခြုံငုံသုံးသပ်ခြင်း


***တင်ပြသူ - ပါမောက္ခ စကော့ အေ ဖရစ်ဇန်၊ ဝက်ဂနာ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကျောင်း၊ နယူး ယောက် တက္ကသိုလ်၊***

၎င်းမှတင်ပြရာတွင် ပါမောက္ခ ဖရစ်ဇန်က ဒီမိုကရေစီ၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ အုပ်ချုပ်ရေးလုပ်ငန်းစဉ်စသည့် အယူအဆများကိုပြောကြားခဲ့ပြီး၊ ဗဟိုချုပ်ကိုင်မှု လျှော့ချ ရေး၏ အမျိုးမျိုးသော အစိတ်အပိုင်းများနှင့် အခြေခံအချက်များကို ဖွင့်ဆိုရှင်းလင်းတင်ပြ ခဲ့ပါသည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဆိုသည်မှာ

နိုင်ငံတော်၏ လုပ်ငန်း တာဝန်များအားလုံးကို ဒေသဆိုင်ရာအဆင့်သို့ ပေးအပ်ရန်လို အပ်သည်ဟု ဆိုလိုခြင်းမဟုတ်ကြောင်း အလေးထားပြောကြားခဲ့ပါသည်။

ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဆိုသည်မှာ အဆင့်မျိုးစုံပါဝင်သော အုပ်ချုပ်ရေးစနစ်ပုံစံများ တည်ဆောက်ခြင်းဖြစ်ပြီး၊ မှန်ကန်သောလုပ်ငန်းတာဝန်များကို မှန်ကန်သော အဆင့်သို့ မှန်ကန်သည့် လုပ်ပိုင်ခွင့်များ၊ အရင်းအမြစ်များ၊ စွမ်းရည်များနှင့်အတူ ပေးအပ်ခြင်းကို အာမခံချက်ရှိအောင်ဆောင်ရွက်ခြင်းဖြစ်သည် (ပုံစံ ၁ ကို ကြည့်ပါ)။ ယင်းအယူအဆသည် အစိုးရက ၄င်း၏ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း အစီအစဉ်ကိုလုပ်ကိုင်ဆောင်ရွက်နေချိန်ဖြစ်သည့် အရေးကြီးသော လမ်းဆုံလမ်းခွတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံအတွက် အရေးပါသည့်ရှုထောင့် အမြင်တစ်ရပ်ဖြစ်ပါသည်။

အရှေ့တောင်အာရှဒေသအတွင်းရှိ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ဒေသန္တရအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို တင်ပြရာတွင် ပါမောက္ခ ဖရစ်ဇ်နက မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံအမျိုးမျိုးတွင် ဆောင်ရွက်နေသော ဗဟိုချုပ်ကိုင်မှုလျှော့ချရေး အတိုင်းအတာများကို နှိုင်းယှဉ်တင်ပြသွားပါသည်။ ယင်းလုပ်ငန်းစဉ်များတွင် အတန်အသင့် ဗဟိုချုပ်ကိုင်မှုရှိသည့် စနစ်များ (ထိုင်း နှင့် စင်ကာပူ)၊ အကန့်အသတ်ဖြင့် ဘဏ္ဍာရေးနှင့် အုပ်ချုပ်ရေးဗဟိုချုပ်ကိုင်မှု လျှော့ချပေးသည့်စနစ်များ (ဗီယက်နမ် နှင့် ကမ္ဘောဒီးယား) နှင့် ပိုမို၍ရည်မှန်းချက်ကြီးမားသော ဗဟိုချုပ်ကိုင်မှုလျှော့ချရေး တစ်ပြိုင်တည်း ဆောင်ရွက်နေသည့် စနစ်များ (ဖိလစ်ပိုင်နှင့်အင်ဒိုနီးရှားနှင့် အတိုင်း အတာအခုအထိ မလေးရှား) စသည်ဖြင့် ကွာခြား မှု အမျိုးအမျိုးရှိနေပါသည်။




ပုံစံ ၁ အဆင့်အမျိုးမျိုးပါဝင်သောအုပ်ချုပ်ရေးစနစ်အတွက် စွမ်းရည်များ တည်ဆောက်ခြင်း

အရှေ့တောင်အာရှအတွင်းရှိ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ထိရောက်မှုရှိသော ပြည်သူ့ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများပြုပြင် ပြောင်းလဲမှုများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များကို သိမြင်နားလည်နိုင်စေရန် တင်ပြမှုများပြုလုပ်ရင်း ပါမောက္ခဖရစ်ဇ်နက ရွေးချယ်စရာနည်းလမ်း များနှင့်ပုံစံများ များစွာရှိကြောင်းနှင့်မြန်မာနိုင်ငံအနေဖြင့် သင်ခန်းစာများကို အသေအချာဂရုတစိုက် ရယူခြင်းဖြင့် လေ့လာမှုနှင့်လက်တွေ့စမ်းသပ်မှုများကို အလေးထားဆောင်ရွက်သင့်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့ပါသည်။ လွန်ခဲ့သော ၁၅ နှစ်ကျော်ကာလအတွင်း အရှေ့တောင်အာရှဒေသရှိ နိုင်ငံများအားလုံးနီးပါးတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချ ရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ကြပြီး၊ အစိုးရများသည်ယင်းလုပ်ငန်းစဉ်များကိုအောက်ပါပေါင်းစပ်အကြောင်းအရင်းများ ကြောင့် စတင်အကောင်အထည်ဖော် ခဲ့ကြခြင်း ဖြစ်သည် -

- အစိုးရအဖွဲ့အစည်းများ၏လုပ်ငန်းဆောင်ရွက်မှုများတွင် တိုးတက်ကောင်းမွန်အောင်ဆောင် ရွက်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးရန်၊

- ➢ ဝန်ဆောင်မှုပေးခြင်းကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန်နှင့် လူမှုပါဝင်ဆောင်ရွက်မှု မြှင့်တင်ပေးရန်၊
- ➢ ဒီမိုကရေစီလုပ်ငန်းစဉ်များ တိုးတက်ကောင်းမွန်စေရန်နှင့်အစိုးရဆိုင်ရာ ယုံကြည်မှုကို မြှင့်တင်ပေးရန်၊
- ➢ အမျိုးသားစည်းလုံးညီညွတ်မှုကို လှုံ့ဆော်ပေးရန်၊

အဆိုပါအတွေ့အကြုံများအရ ဗဟိုချုပ်ကိုင်မှုလျော့ချပေးခြင်းလုပ်ငန်းသည် (မူဝါဒသတ်မှတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အောက်ခြေအဆင့်အဖွဲ့ အစည်းများကို ပံ့ပိုးမှုပေးခြင်း ကဲ့သို့သော) ပြောင်းလဲလာသော လုပ်ငန်းတာဝန်များကို အကောင် အထည်ဖော်နိုင်စေရန် ဒေသန္တရအဆင့်အစိုးရစွမ်းရည်များကို ခိုင်မာအားကောင်းအောင်ဆောင်ရွက်ပေးရန်လိုအပ်ရုံသာမက၊ ဗဟိုအစိုးရ၏ အဖွဲ့အစည်းများကိုလည်း ခိုင်မာအောင်တည်ဆောက်ပေးရန် လိုအပ်ပါသည်။

ဗဟိုချုပ်ကိုင်မှု လျော့ချပေးခြင်းလုပ်ငန်းသည် ဒေသအတွင်းရှိ ဒေသန္တရစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ဒေသန္တရဒီမိုကရေစီစနစ်ကို မြှင့်တင်ပေးရန်ဆိုသည်ကို သက်သေပြသခဲ့ပြီးဖြစ်သော်လည်း၊ ၎င်းသည် ဒေသန္တရအဆင့်၌ တိုးတက်ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် လာဘ်ပေးလာဘ်ယူမှု လျော့ကျရေးကို အလိုအလျောက် ဖြစ်ပေါ်စေမည်မဟုတ်ပေ။ ၎င်းတို့ကိုရရှိစေရန် နောက်ထပ်အဆင့်ပေါင်းများစွာ ဆောင်ရွက်ရန်လိုအပ်လိမ့်မည်ဖြစ်သည်။

ပါမောက္ခ ဖရစ်ဇန်က ကျယ်ကျယ်ပြန့်ပြန့်ရှိသော၊ ပုံမှန်လုပ်ဆောင်မှုရှိသော၊ ထိရောက်မှုရှိသော ဆက်သွယ်ဆောင်ရွက်မှုလိုအပ်ခြင်း၊ လုပ်ငန်းဆက် လက်ဆောင်ရွက်ရန် လိုအပ်သောနိုင်ငံရေးဆိုင်ရာ စိတ်ဆန္ဒကို ဆက်လက်ထိန်းသိမ်းထားရှိရန် လုပ်ငန်းစဉ်အတွင်း မြန်ဆန်သောအောင်မြင်မှုနည်းလမ်းများရှိကြောင်း အာမခံမှုများပြုလုပ်ခြင်းတို့ အပါအဝင် ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းလုပ်ငန်းစဉ်ကိုဖြစ် နိုင်သလောက်ရေရှည်တည်တံ့ရန်နှင့် အားလုံးပါဝင်ဆောင်ရွက်မှုဖြစ်စေရန် အရေးကြီးသောအခြေခံ အချက်တချို့ကို အလေးထားတင်ပြခြင်းဖြင့် ၎င်း၏တင်ပြချက်ကို နဂုံးချုပ်ပါသည်။ ဗဟိုချုပ်ကိုင်မှု လျော့ချခြင်းလုပ်ငန်းသည်အဆင့်မျိုးစုံပါဝင်သော၊ ဆောင်ရွက်သူမျိုးစုံပါဝင်သော လုပ်ငန်းစဉ်တစ်ခု ဖြစ်ပြီး၊ ၎င်းသည် တစ်လမ်းသွားစနစ်တစ်ခု မဟုတ်ကြောင်း၊ မူဝါဒချမှတ်ခြင်းနှင့်အတူ တိကျရှင်းလင်းမှုရှိသည့် အကောင်အထည်ဖော်ခြင်း နည်းလမ်း တွဲဖက်ပါဝင်ရမည်ဖြစ်ကြောင်း စသည်ဖြင့် အခိုင်အမာ တင်ပြရင်း ၎င်း၏ဆွေးနွေးတင်ပြမှုကို အဆုံးသတ်ခဲ့ပါသည်။



## ဒေသန္တရအုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲမှုများ- အတွေ့အကြုံများမှလေ့လာသင်ယူခြင်း

***သဘာပတိ - မစ္စတာ ဒေးဗစ် ဂျက်ဆင်၊ ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ ဘဏ္ဍာရေးကဏ္ဍ ညွှန်ကြားရေးမှူး၊ UNCDF၊ နယူးယောက်။***

ဤကဏ္ဍသည် အခြားသောအာရှနိုင်ငံများမှ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် အစိုးရကဏ္ဍပြု ပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်မှု အ တွေ့အကြုံများကို တင်ပြရန်ရည်ရွယ်ပါသည်။ ဒေသန္တရ အဆင့်၌ အများပါဝင်မှုရှိသော စီမံကိန်းရေးဆွဲခြင်းနှင့်ဘတ်ဂျက်ခွဲဝေခြင်း နမူနာ များကိုလည်း ဆွေး နွေးတင်ပြကြပါသည်။

## အင်ဒိုနီးရှား- အုပ်ချုပ်ရေးနှင့်အစိုးရကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ

***ဒေါက်တာအီမဒီဆူဝမ်ဒီ၊ ညွှန်ကြားရေးမှူး ချုပ်ဟောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အင်ဒိုနီးရှား***

အင်ဒိုနီးရှားနိုင်ငံ၏ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး လုပ်ငန်းအတွေ့အကြုံသည် မြန်မာနိုင်ငံအတွက် များစွာသော သင်ခန်းစာများ ပေးအပ်နိုင်ပါ သည်။ အင်ဒိုနီးရှားနိုင်ငံ၌ဖြစ်ပွားခဲ့သော ၁၉၉၈ ခုနှစ် ပဋိပက္ခများသည် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်နှင့် ဒေသန္တရအစိုးရများအား ကျယ် ပြန့်သော လုပ်ကိုင်ခွင့်အာဏာများ ပေးအပ်မှုတို့ ကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၎င်းတွင် ဗဟို (ပြည်ထောင်စု) အစိုးရနှင့် ဒေသန္တရအစိုးရ များကြား လုပ်ပိုင်ခွင့်အာဏာနှင့် လုပ်ငန်း တာဝန်များ ခွဲဝေမှုပါဝင်ပါသည်။ အချို့သော လုပ်ငန်းတာဝန်များသည် ဗဟိုအစိုးရတစ်ခုတည်း နှင့်သာ သက်ဆိုင်သော်လည်း (ဥပမာ - ကာ ကွယ်ရေး၊ရဲလုပ်ငန်း၊ငွေရေးကြေးရေး၊ တရားစီရင် ရေး၊ နိုင်ငံခြားရေး နှင့် ဘာသာရေးကိစ္စများ)၊ အခြားသောလုပ်ငန်းတာဝန်များမှာ ဗဟိုအစိုးရ နှင့် ဒေသန္တရအစိုးရများကြား ခွဲဝေတာဝန်ယူရ သည့် တာဝန်ဝတ္တရားများ ဖြစ်သည်။ သို့သော် အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ ပြန်လည် သတ်မှတ်ရာတွင် အောင်မြင်မှုရရှိစေရန် များစွာ သော တင်ကြိုလိုအပ်ချက်များ ရှိနေပါသည်။ ၎င်းတို့မှာ -

- လုံလောက်သော ဘဏ္ဍာရေး အရင်းအ မြစ်များ ဖြည့်ဆည်းပေးခြင်း၊
- ဒေသန္တရအစိုးရများအတွက် တိကျရှင်း လင်းမှုရှိသော လမ်းညွှန်မှုနှင့် ခေတ်နှင့် လျော်ညီသော ဥပဒေစည်းမျဉ်းများ၊
- ဗဟိုနှင့်ဒေသန္တရအစိုးရတို့ကြား ပိုမိုကြီး ကြပ်ဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆောင် ရွက်ခြင်း၊
- ဒေသန္တရအဆင့်များ၌ အရည်အသွေး ပြည့်မီသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း များ ဖြည့်ဆည်းပေးရန် ထိရောက်မှုရှိစွာ စွမ်းအားဖြည့်ဆည်းပေးခြင်းဖြင့် ဒေသန္တရအစိုးရအဖွဲ့အစည်းများ၏ စွမ်းရည်ကို မြှင့်တင်ပေးရန်၊

အင်ဒိုနီးရှားနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း စဉ်သည် ကြီးမားသောအောင်မြင်မှု ရရှိခဲ့သော် လည်း ၎င်း၏ထိရောက်မှုရှိမှုကို ဆက်လက်ထိ ခိုက်မှုဖြစ်စေသော အားနည်းချက်များနှင့် စိန် ခေါ်မှုများစွာ ရှိပါသည်။ ဥပမာ - ဗဟိုနှင့် ဒေသန္တရအဆင့်များကြား တိကျရှင်းလင်းမှုမရှိ သော လုပ်ငန်းတာဝန်ခွဲဝေမှု ရှိနေဆဲဖြစ်ခြင်း၊ ဥပဒေ အချို့ကို ပြန်လည်သုံးသပ်ရန် လိုအပ်နေ ဆဲဖြစ်ခြင်းနှင့် နိုင်ငံရေးဆိုင်ရာ ကိုယ်စားပြုပါဝင် ဆောင်ရွက်ခြင်းနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ တွင် ကျား-မ မညီမျှမှုများ တည်ရှိနေဆဲဖြစ် ခြင်းတို့ ဖြစ်သည်။

# ကမ္ဘောဒီးယား - အများပြည်သူပါဝင် ဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းနှင့် ဒေသန္တရ ဖွံ့ဖြိုးရေးရန်ပုံငွေများ


*မစ္စတာ မင်မန်နီ ၊ ဒေသန္တရအဆင့် ဒီမိုကရေစီ ဖွံ့ဖြိုးရေး အမျိုးသားကော်မတီ အကြံပေး (NCDD)၊ ကမ္ဘောဒီးယား။*

ကမ္ဘောဒီးယားနိုင်ငံ၏ ဗဟိုစုစည်းဆောင်ရွက်မှုလျှော့ချရေးနှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေး (D&D) ပြုပြင် ပြောင်းလဲမှုများကို ၁၉၉၇ ခုနှစ်တွင် စတင်ခဲ့ပြီး၊ UNDP နှင့် UNCDF တို့၏ ပံ့ပိုးမှုဖြင့် ၁၉၉၇ နှင့် ၂၀၀၁ ခုနှစ်ကြားတွင် ကွန်မြူး/ဆန်းကတ် အဆင့်၌ ရှေ့ပြေးစီမံကိန်း ဆောင်ရွက်ခဲ့ပါသည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို တွန်းအားပေးသော အဓိကတန်ဖိုးများမှာ တွေ့ဆုံဆွေးနွေးမှု၊ ရှင်းလင်းပြတ်သားမှု၊ သဘောတူညီမှုနှင့် လေးစားမှုတို့ ဖြစ်သည်။

ပိုမိုကျယ်ပြန့်သော ဗဟိုချုပ်ကိုင်မှု လျှော့ချရေး အစီအစဉ်ကို ၂၀၀၂ ခုနှစ်တွင် ပထမဦးဆုံး ကွန်မြူး/ ဆန်းကတ် ရွေးကောက်ပွဲနှင့်အတူ စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ခရိုင်ကောင်စီများအတွက် တိုက်ရိုက်မဟုတ်သော ရွေးကောက်ပွဲများ ကျင်းပပေးခဲ့ပြီး၊ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးလုပ်ငန်းစဉ်ကို ထပ်မံမြှင့်တင်ပေး နိုင်ခဲ့ပါသည်။

ကွန်မြူး/ဆန်းကတ် (C/S) သည် ကမ္ဘောဒီးယားနိုင်ငံရှိ ဒေသန္တရအုပ်ချုပ်ရေးစနစ်တွင် အနိမ့်ဆုံးအဆင့်ဖြစ်သည်။ ကွန်မြူးသည် ပြည်သူတို့ ၏ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စား ပြုအဖွဲ့အစည်းတစ်ခုအဖြစ် ဖြစ်ပေါ် တိုးတက်လာပြီး၊ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေးလုပ်ငန်းစဉ်တွင် အရေးပါသော အခန်းကဏ္ဍမှပါဝင် ဆောင်ရွက်ရင်း ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကမောင်းနှင်သည့် အဖွဲ့အစည်း တစ်ရပ်ဖြစ်လာသည်။ မြန်မာနိုင်ငံအစိုးရသည်မြို့နယ်အဆင့်သို့ စီမံကိန်းရေးဆွဲရေးတာဝန်ကို လွှဲပြောင်းပေးအပ်ရန် ရည်ရွယ်ထားသဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ အတွေ့အကြုံသည် မြန်မာ နိုင်ငံလုပ်ငန်းစဉ်အတွက် လှုံ့ဆော်အားပေးမှု တစ်ရပ်အဖြစ် ဆောင်ရွက်ပေးနိုင်ပါသည်။

၁၉၉၇ နှင့် ၂၀၀၁ ခုနှစ်ကြားတွင် ကွန်မြူး/ ဆန်းကတ် ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း (CDP) လုပ်ငန်းစဉ်ကို ရွေးချယ်ထားသော ကွန်မြူးများတွင် ရှေ့ပြေးစီမံကိန်းအဖြစ်ဆောင်ရွက်ခဲ့သည်။ ကွန်မြူး/ ဆန်းကတ် ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခု ပြင်ဆင်ဆောင်ရွက်ရာတွင် ပုံစံ ၂ တွင် ဖော်ပြထားသကဲ့သို့ များစွာသော အဓိကကျသည့် အဆင့်များ ပါဝင်ပါသည်။




***ပုံစံ ၂ - ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် ပါဝင်သည့်အဓိကအဆင့်များ***

နှစ်စဉ် ကွန်မြူးရင်းနှီးမြှုပ်နှံမှု အစီအစဉ်သည် CDP အကောင်အထည်ဖော်ခြင်းကို အထောက်ပြုသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ နိုင်ငံသားများနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ၎င်းတို့ ၏ အဓိက ဖွံ့ဖြိုးမှုလိုအပ်ချက်များနှင့်ဦးစားပေး လုပ်ငန်းများကို တုံ့ပြန်ဖြေရှင်းပေးရန်များစွာသော

C/Sရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို ရေးဆွဲပြီး အကောင်အထည်ဖော်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ C/Sနှင့် ဒေသန္တရ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများ၏ အောင်မြင်မှုများ အထူးသဖြင့် မြန်မာနိုင်ငံအတွက် ဆီလျော်မှုရှိသော အချက်များမှာ -

- ရွေးကောက်ခံ ကွန်မြူး/ဆန်းကတ် ကောင်စီများကို အောင်မြင်စွာ တည်ထောင် နိုင်ခြင်း၊
- သင့်တော်မှုရှိသော ဒေသန္တရဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီအုပ်ချုပ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက် နိုင်ခြင်း၊
- ဒေသန္တရအစိုးရဆိုင်ရာ ယုံကြည်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ခြင်း၊
- ကောင်းစွာ အခြေတည်နေပြီဖြစ်သော အောက်ခြေမှစတင်သည့် စီမံကိန်း ရေးဆွဲခြင်း (ခရိုင်/ပြည်နယ်အဆင့် စီမံကိန်းရေးဆွဲခြင်း)လုပ်ငန်းစဉ် နှင့်
- ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများတိုးတက် ကောင်းမွန်လာခြင်း နှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုတို့နှင့်အတူ လုံခြုံမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများ တိုးတက်ကောင်းမွန်လာခြင်း။

## အုပ်ချုပ်ရေးစနစ်ဆန်းစစ်မှုများ - မြန်မာနိုင်ငံတွက်အသုံးပြုနိုင်မည့် အရှေ့တောင်အာရှဒေသမှ နမူနာများ

***သဘာပတိ - မစ္စတာ ခရစ်ရှန် ဟိန်းဇ် ၊ အဖွဲ့ခေါင်းဆောင် (ဒေသန္တရအုပ်ချုပ်ရေး)၊ UNDP မြန်မာ***

ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ အထွေထွေ ဆွေးနွေးမှုများပြုလုပ်ပြီးနောက် အလုပ်ရုံဆွေးနွေးပွဲ၏ အလေးပေးမှုသည် အုပ်ချုပ်ရေးဆန်းစစ်ချက်များဘက်သို့ ပြောင်းလဲသွားပါသည်။ ဤကဏ္ဍ၏ရည်ရွယ်ချက်မှာဒေသန္တရအုပ်ချုပ်ရေး၏ အရည်အသွေးကို တိုးတက်ကောင်းမွန်လာစေရန် အုပ်ချုပ်ရေးဆန်းစစ်ချက်များကို မည်သို့ထိရောက်စွာ အသုံးချနိုင်မည်ကို ဖော်ပြရန်ဖြစ်ပါသည်။ ဤကဏ္ဍတွင် မြန်မာနိုင်ငံအတွက် အဆိုပြုထားသောဒေသန္တရအုပ်ချုပ်ရေးလေ့လာမှုနည်းစနစ်ကိုတင်ပြဆွေးနွေးမှုလည်းပါဝင်ပါသည်။

## အုပ်ချုပ်ရေးစနစ်ဆန်းစစ်မှုများသည် ကောင်းမွန်သော ဒေသန္တရအုပ်ချုပ်ရေးစွမ်းဆောင်မှုအတွက် အဘယ်ကြောင့် ဆီလျော်မှုရှိပါသနည်း၊

***မစ္စတာ ဂျွန် ဆမ်မြူရယ်၊ ဒီမိုကရေစီအုပ်ချုပ်ရေး အကြီးတန်းအကြံပေး၊ UNDPအော်စလိုအုပ်ချုပ်ရေးစင်တာ၊***

အုပ်ချုပ်ရေး ဆိုသည်ကို ဝန်ဆောင်မှုများနှင့် အများပြည်သူဆိုင်ရာ လုပ်ငန်းများအား မည်သို့မည်ပုံ ခွဲဝေမှုနှင့် ဖြန့်ဖြူးပေးမှုနည်းလမ်းနှင့် အများပြည်သူဆိုင်ရာလုပ်ငန်းများ ခွဲဝေမှုနှင့်ပတ်သက်၍ လူ့အဖွဲ့အစည်းအတွင်း အစိုးရ၊ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ ပါဝင်ဆောင်ရွက်သူများကြား အပြန်အလှန်ဆက်ဆံရေးဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ အများသဘောတူ လက်ခံထားသော ကောင်းမွန်သော အုပ်ချုပ်ရေး ၏ နမူများ နှင့်အခြေခံအချက်များမှာ -

- ထိရောက်မှုရှိခြင်း နှင့် စွမ်းဆောင်ရည်ပြည့်ဝမှုရှိခြင်း - ဒေသန္တရအစိုးရက အကောင်အထည်ဖော် ဆောင်ရွက်သော

လုပ်ငန်းများသည် ကုန်ကျစရိတ် အနည်းပါးဆုံး နည်းလမ်းဖြင့် ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို အထောက်အကူ ပြုပါသလား။

- ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တရားဥပဒေစိုးမိုးရေး - အစိုးရနှင့် အစိုးရမဟုတ်သော ပါဝင်ဆောင်ရွက်သူများသည် သတင်းအချက်အလက်များကို မျှဝေမှု ရှိကြပါလား၊ လက်ရှိစည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေများကို လိုက်နာခြင်း အပါအဝင် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ၎င်းတို့သည် ပွင့်လင်းမှုရှိသော နည်းလမ်းဖြင့် ဆောင်ရွက်ပါသလား။
- တာဝန်ခံမှုရှိခြင်း - အုပ်ချုပ်ရေးအဖွဲ့သည် တရားမျှတမှုရှိပြီး၊ ၎င်း၏ဆုံးဖြတ်ချက်များကို ဥပဒေရေးရာနှင့် နိုင်ငံရေးစောင့်ကြည့်လေ့လာရေးအဖွဲ့များ(စာရင်းစစ်နှင့်လွှတ်တော်) နှင့် ပြည်သူလူထုတို့အား ရှင်းလင်းတင်ပြမှုရှိပါသလား။
- ပါဝင်ဆောင်ရွက်မှု - နိုင်ငံသားများသည် ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်မှု ရှိပါသလား၊ အစိုးရက ၎င်းတို့၏အခွင့်အရေးများနှင့်တောင်းဆိုမှုများကို တုံ့ပြန်ဖြေရှင်းပေးနေပါသလား။
- တရားမျှတမှုရှိခြင်း - နိုင်ငံသားအားလုံးတို့သည် အစိုးရ၏ ဝန်ဆောင်မှုများ နှင့် အရင်းအမြစ်များကို တရားမျှတစွာ လက်လှမ်းမှီ အခွင့်အရေး ရရှိပါသလား။

ကမ္ဘာအနှံ့အပြား ဒေသန္တရအုပ်ချုပ်ရေး အကောင်အထည်ဖော်ရာတွင် အော်စလိုအုပ်ချုပ်ရေးစင်တာ၏အတွေ့အကြုံများက ဒေသန္တရအုပ်ချုပ်ရေး စွမ်းဆောင်ရည် တိုးတက် ကောင်းမွန်အောင်ဆောင်ရွက်ရာတွင် ဆန်းစစ်ချက်များ၏အရေးပါမှုကို ဖော်ပြနေပါသည်။ ဒေသန္တရအုပ်ချုပ်ရေး ဆန်းစစ်ချက်များ Local Governance Assessments (LGAs) ကို ဒေသန္တရအဆင့်၌ အများပါဝင်မှုရှိသော အမျိုးမျိုးသော ပါဝင်ဆောင်ရွက်သူများ၏ အုပ်ချုပ်ရေးစနစ်ကို ဆန်းစစ်ခြင်း၊အကဲဖြတ်ခြင်းနှင့် နားလည်သဘောပေါက်စေခြင်းအတွက် နိုင်ငံများစွာ တို့တွင် မိတ်ဆက်အသုံးပြုနေကြပါသည်။ LGAs သည် အရေးကြီးသော ရည်မှန်းချက် ၃ ရပ်ကို ဖြည့်ဆည်းပေးပါသည် -

- **အကဲဖြတ်ခြင်း** - မူဝါဒအကောင်အထည် ဖော်ရာတွင် ကွာဟချက်များနှင့် အကန့် အသတ်များကို ဖော်ထုတ်ရန်အတွက်၊ အသေးစိတ် စွမ်းရည်တည်ဆောက်မှု လို အပ်ချက်များ ဖော်ထုတ်ရန် အတွက်နှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးနှင့်ပတ်သက်၍ အထောက်အထားအခြေခံ သောစီမံကိန်းရေးဆွဲခြင်း။
- **ကြပ်မတ်စစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်း** - စွမ်းရည်တည်ဆောက်ရေး ကြိုးပမ်းအား ထုတ်မှုများ နှင့် အုပ်ချုပ်ရေးပြောင်းလဲမှု များ၏ အကျိုးရလဒ်များကို ကြပ်မတ်စစ်ဆေးရန်အတွက်နှင့် ဒေသဆိုင်ရာအစိုးရ၏အောင်မြင်မှုများအပေါ် ဓမ္မဓိဌာန်ကျသော အစီရင်ခံ တင်ပြချက် ပြုလုပ်ရေးနှင့် ဤနည်းအားဖြင့် တာဝန်ယူဆောင်ရွက်မှု တည်ဆောက်ခြင်း။
- **အပြန်အလှန်ဆွေးနွေးခြင်းနှင့်ထောက်ခံ ပြောဆိုခြင်း** - ဒေသဆိုင်ရာအုပ်ချုပ်ရေး တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့်

နိုင်ငံသားများပါဝင်နိုင်ရန်နှင့် အထောက်အထားခိုင်လုံမှုအပေါ် အခြေခံသော ပြောင်းလဲမှုတစ်ခုကိုတောင်းဆိုရန် ပါဝင်ဆောင်ရွက်သူများအား စွမ်းအားဖြည့်ဆည်းပေးနိုင်ရန် တို့အတွက် အခြေအနေတစ်ရပ် ဖန်တီးခြင်း။

ဒေသန္တရအုပ်ချုပ်ရေးဆန်းစစ်ချက်များ အားလုံးသည် ထိခိုက်ခံရလွယ်သော၊ အခွင့်အလမ်းနည်းပါးသော အုပ်စုများကို အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း အဓိကထားဖော်ပြပါသည်။ ရွေးချယ်ထားသော အညွှန်းကိန်းများသည် ဆင်းရဲနွမ်းပါးသူများကို ဦးစားပေးမှုရှိပြီး၊ ကျား-မ ရေးရာအလေးထားမှု ရှိရမည်ဖြစ်ကာ၊ ၎င်းကိစ္စ ရပ်များကိုအာမခံချက်ရှိစေရန် အောက်ပါ နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ပါသည် -

- အချက်အလက်များကို ဆင်းရဲနွမ်းပါးမှု/ ကျား-မအလိုက် ခွဲခြားကောက်ယူရန်၊
- ဆင်းရဲနွမ်းပါးသူများ /အမျိုးသမီးများနှင့် သက်ဆိုင်သော အညွှန်းကိန်းများကို ရွေးချယ်ခြင်း၊
- နားလည်သဘောပေါက်ပြီးဖြစ်သောဆင်းရဲနွမ်းပါးမှု / ကျား-မရေးရာ တို့နှင့်ပတ်သက်၍ အရေးကြီးသော အညွှန်းကိန်းများကို ရွေးချယ်ခြင်း၊
- ဆင်းရဲနွမ်းပါးသူများ/အမျိုးသမီးများမှ ရွေးချယ်သသော အညွှန်းကိန်းများကို ထည့်သွင်းခြင်း။

## ဗီယက်နမ် - ပြည်သူ့အုပ်ချုပ်ရေး စွမ်းဆောင်ရည်အညွှန်းကိန်း (ပီအေပီအိုင်)

***ဒေါက်တာ ဟောင်ဂျန်ဒန်း၊ ဒုတိယ ညွှန်ကြားရေးမှူး၊ ရပ်ရွာလူထုပံ့ပိုးမှုနှင့် ဖွံ့ဖြိုးမှုလေ့လာရေး ဗဟိုဌာန (CECODES)၊ ဟနွိုင်း၊ ဗီယက်နမ်၊***

ပြည်သူ့အုပ်ချုပ်ရေးစွမ်းဆောင်ရည် အညွှန်းကိန်း (ပီအေပီအိုင်) နှင့်ပတ်သက်သည့် ဗီယက်နမ်နိုင်ငံ၏အတွေ့အကြုံက ဝန်ဆောင်မှုပေးအပ်မှုအပေါ် နိုင်ငံသားများ၏ ပြန်လည် မှတ်ချက် ပေးပို့မှုကို ဝန်ဆောင်မှုလုပ်ငန်း တိုးတက် ကောင်းမွန်စေရန်၊ လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရန်နှင့် လူမှုတာဝန်ယူဆောင်ရွက်မှု မြှင့်တင်ပေးရန်တို့အတွက် မည်သို့မည်ပုံ အသုံးချနိုင်ကြောင်းကို ဖော်ပြပေးပါသည်။ PAPI သည် ဗီယက်နမ်နိုင်ငံရှိ အကြီးမားဆုံး နိုင်ငံတစ်ဝှမ်း အုပ်ချုပ်ရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု လေ့လာရေးစနစ်တစ်ခုဖြစ်ပြီး၊ ပြည်နယ်အဆင့် စွမ်းဆောင်ရည် တိုင်းတာရန် အသုံးပြုပါသည်။

၎င်းစနစ်ကို လွန်ခဲ့သော ၄ နှစ်က စတင်အသုံးပြုချိန်မှစ၍ အဆိုပါအညွှန်းကိန်းသည် လူမှုအဖွဲ့ အစည်းအတွင်းရှိ မူဝါဒချမှတ်သူများ နှင့် အခြားသောပါဝင် ဆောင်ရွက်သူများကို အထောက်အထားနှင့် အချက်အလက်များ ဖြည့်ဆည်းပေးခဲ့ပါသည်။ နှစ်စဉ် နိုင်ငံတစ်ဝှမ်းလုံးရှိ လူပေါင်း ၁၃၀၀၀ နှင့် ၁၅၀၀၀ ကြား ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအသုံးပြုမှုနှင့်ပတ်သက် သည့် ၎င်းတို့၏ အတွေ့အကြုံများကို လူတွေ့မေးမြန်းမှုများ ပြုလုပ်ပါသည်။

PAPI ကို ၂၀၀၉ ခုနှစ်တွင် ပြည်နယ်သုံးခု၌ ကနဦးရှေ့ပြေးစီမံကိန်း ဆောင်ရွက်ခဲ့ပြီး၊ ၂၀၁၀ ခုနှစ်တွင် ပြည်နယ် ၃၀ သို့ တိုးချဲ့ဆောင် ရွက်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ပြည်နယ် ၆၃ ခုလုံးတွင် PAPI ကို ဆောင် ရွက်ခဲ့ပြီး၊ စုစုပေါင်း ခရိုင် ၂၀၇ ခု၊ ကွန်မြူး ၄၁၄ ခု နှင့် ကျေးရွာ

၈၂၈ ခုတို့ အကျုံးဝင်ပါသည်။ PAPI ၏ ချိုးကျူး ထိုက်သော အရည်အသွေးသည် အောက်ပါ အချက်များပေါ်တွင် အခြေခံပါသည် -

- ၎င်းသည် အစိုးရနှင့်နိုင်ငံသားများ နှစ်မျိုးစလုံး၏ အမြင်များကို ထင်ဟပ်ဖော်ပြမှု ရှိသည်၊
- ၎င်းသည် အမျိုးသားလွှတ်တော်၊ အစိုးရစစ်ဆေးရေးဌာန၊ ဝန်ကြီးဌာနများ နှင့် အခြားသော ဌာနများမှ နိုင်ငံရေး အရ ကျယ်ပြန့်သောထောက်ခံမှုရရှိထားသည်။ နိုင်ငံရေး သင်တန်းကျောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့ကောင်စီများ၊ အလှူရှင်များ နှင့် NGOs ကဲ့သို့သော ကျယ်ပြန့်လှသည့် သက်ဆိုင်ရာ ပါဝင်ဆောင်ရွက်သူများ ထံမှလည်း ထောက်ခံမှုရရှိ ထားပါသည်။
- သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာမှု ရှိသော၊ ဟန်ချက်ညီမျှသော၊ အချက်အလက်ပြည့်စုံသောနည်းလမ်းဖြင့် ဖြန့်ဖြူးပေးနိုင်ရန် ၎င်းက မီဒီယာများနှင့် အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်ပါသည်။
- ၎င်းက ပြည်နယ်များကြားတွင် ချန်ပီယံများကို ဖန်တီးပေးပါသည်။
- ၎င်း၏ရလဒ်များနှင့်တွေ့ရှိချက်များကို အလွယ်တကူရရှိနိုင်ပါသည်။

PAPI ၏ အားသာချက်မှာ အမျိုးမျိုးသော ပါဝင်ဆောင်ရွက်သူများကြား တွေ့ဆုံဆွေးနွေးမှု တစ်ရပ်ကို တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်သည့် စွမ်းရည်ပင်ဖြစ်သည်။ မြန်မာနိုင်ငံအတွက် နောက်ထပ် သင်ခန်းစာတစ်ခုမှာ PAPI ၏ ၎င်းကိုယ်တိုင် စီမံအုပ်ချုပ်မှု စနစ်တစ်ခုဖြစ်သည်။ အမျိုးသား အကြံပေးဘုတ် အဖွဲ့က PAPI ၏ အကောင်အထည်ဖော်မှုကို လမ်းညွှန်မှုပေးသည်။ ယင်းဘုတ်အဖွဲ့သည် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုအရ တက်ကြွမှုမရှိသော်လည်း အစိုးရအဖွဲ့၊ အမျိုးသားလွှတ်တော်နှင့် ပညာရပ်နယ်ပယ်မှ ပညာရှင်များ အပါအဝင် ဂုဏ်သတင်းကျော်ဇော မှုရှိသော လူမှုအဖွဲ့ အစည်း၏ အမျိုးမျိုးသော အစိတ်အပိုင်းများမှ ပြည်သူများ ပါဝင်ပါသည်။

▪.



## ဒေသန္တရအုပ်ချုပ်ရေးလေ့လာမှု - မြန်မာနိုင်ငံရှိ ပြည်နယ်/တိုင်းဒေသကြီး နှင့် မြို့နယ်အဆင့်များအတွက် အဆိုပြုသည့်နည်းစနစ်

*မစ္စတာ ပေါလ် ဗန် ဟုဖ် ၊ UNDP ဒေသန္တရအုပ်ချုပ်ရေးလေ့လာမှုလုပ်ငန်းကျွမ်းကျင်ပညာရှင်*

မြန်မာနိုင်ငံ ပြည်ထောင်စုအစိုးရ သမ္မတ က ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များကို မကြာသေးမီက တိုက်တွန်းပြောကြားရာတွင် -

- ပြည်သူ့ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်အတွက် ၎င်းတို့၏ စွမ်းဆောင်ရည်များကိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊
- ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းစဉ်ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်အတွက်

၎င်းတို့၏ အုပ်ချုပ်ရေးစနစ် တိုးတက်ကောင်းမွန်အောင် ပြုလုပ်ရန်၊

- နိုင်ငံသားများကို ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်စေရန်အတွက် အများပါဝင်ဆောင်ရွက်မှု တိုးတက်ကောင်းမွန်စေရန်။

UNDP က မြန်မာနိုင်ငံ အခြေအနေနှင့် အသေးစိတ်ကိုက်ညီမှုရှိမည့် ဒေသန္တရအုပ်ချုပ်ရေး အရည်သွေးလေ့လာမှုအတွက် နည်းစနစ်တစ်ရပ်ကို ဖော်ထုတ်ခဲ့ပါသည်။ မြန်မာနိုင်ငံရှိ ဒေသန္တရ အုပ်ချုပ်ရေး လေ့လာမှုလုပ်ငန်း၏ ရည်ရွယ်ချက်များမှာ -

- (ရွေးချယ်ထားသောကဏ္ဍအချို့နှင့် အဓိကကျသော အခြေခံဝန်ဆောင်မှုများ အတွက်) ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် မြို့နယ်အဆင့်နှင့်ပြည်နယ်/တိုင်းဒေသကြီး အဆင့် အုပ်ချုပ်ရေးအရည်အသွေးတို့၏လျှမ်းခြုံအမြင်ကို ပေးရန်၊
- အစိုးရနှင့်အစိုးမဟုတ်သော ပါဝင်ဆောင်ရွက်သူများသည် အုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုများပေးရာတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်စေရန် ၎င်းတို့၏စွမ်းရည် လိုအပ်ချက်များကို ဖော်ထုတ်ရန်၊

လေ့လာမှုလုပ်ငန်း၏ ရလဒ်များကိုအသုံးပြုနိုင်သူများမှာ -


- မြို့နယ်နှင့်ပြည်နယ်/တိုင်းဒေသကြီးအဆင့်တို့ရှိ အစိုးရနှင့်အစိုးရမဟုတ်သော ဆောင်ရွက်သူများက အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခြင်းနှင့် စွမ်းရည်ဖွံ့ဖြိုးရေးစီမံကိန်းများကို သတ်မှတ်ပြဋ္ဌာန်းရန်၊
- ပြည်ထောင်စုနှင့်ပြည်နယ်/တိုင်းဒေသကြီး အစိုးရများနှင့်ဖွံ့ဖြိုးရေးမိတ်ဖက်များက ၎င်းတို့၏ စွမ်းရည်ဖွံ့ဖြိုးရေး ပံ့ပိုးမှုလုပ်ငန်းများကို သတ်မှတ်ရန်၊

နည်းစနစ်ဖော်ထုတ်မှုအတွက် မြန်မာနိုင်ငံအခြေအနေနှင့် ကိုက်ညီမှုရှိပါသည့် အချက်အလက်များစွာက လမ်းညွှန်မှုပေးပြီး၊ ၎င်းတို့မှာ -

- အောက်ခြေအဆင့်အစိုးရများသို့ တာဝန်ဝတ္တရားများနှင့်အာဏာတို့ကိုလွှဲပြောင်းမှုမှာဆောင်ရွက်ဆဲဖြစ်သည်ဆိုသည့်အချက်၊
- အစိုးရ၏ နောက်ထပ် ကြပ်မတ်စစ်ဆေးမှုနှင့် အကဲဖြတ်မှုစနစ်ကို စီစဉ်ထားပြီး၊ လေ့လာမှုလုပ်ငန်းတွင် အသုံးပြုသည့် အညွှန်းကိန်းများကို ၎င်းနှင့်ပေါင်းစပ်နိုင်ခြင်း၊
- (အစိုးရဝန်ထမ်းများ၊ နိုင်ငံသားများ၊ CSOများ စသည့်) ပါဝင်ဆောင်ရွက်သူအားလုံး၏ ဝန်ဆောင်မှုပေးခြင်းနှင့်ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးတို့နှင့်ပတ်သက်သည့် အခြေခံစွမ်းရည်များကို သိရှိနားလည်မှု မြှင့်တင်ပေးခြင်းသည် လေ့လာမှုလုပ်ငန်းစဉ်၏ ခွဲခြားမရသော အစိတ်အပိုင်း တစ်ခုဖြစ်ရမည်ဖြစ်သည်၊
- နည်းစနစ်သည် လုပ်ငန်းစဉ်အတွင်းရှိ နိုင်ငံသားများနှင့် အစိုးရမဟုတ်သော ပါဝင်ဆောင်ရွက်သူများ၏ တက်ကြွစွာပါဝင်ဆောင်ရွက်မှုကို လှုံ့ဆော်ပေးသင့်သည်။
- မြန်မာနိုင်ငံတွင် ယုံကြည်စိတ်ချရသောအခြေခံအုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ မရှိခြင်းကြောင့် နည်းစနစ်သည် အရည်အသွေးအခြေခံ အချက်အလက်များကို အဓိကအသုံးပြုသင့်သည်။ အနာဂတ်တွင် အချက်အလက်စီမံခန့်ခွဲမှု တိုးတက်လာသောအခါ နည်းစနစ်သည် အရေအတွက်ဆိုင်ရာ အချက်အလက်များကိုလည်း ရယူသင့်သည်၊
- ဤနည်းစနစ်သည် အုပ်ချုပ်ရေးနှင့်ဝန်ဆောင်မှုပေးခြင်းတို့၏ ဖြည့်ဆည်းပေးမှု (Supply) နှင့် တောင်းဆိုမှုအပိုင်း (Demand) နှစ်မျိုးစလုံးအား ဖြေရှင်းဆောင်ရွက်ပေးသင့်သည်။

UNDPသည် လေ့လာမှုနည်းစနစ်ကို ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုလုံးတွင် အကောင်အထည် ဖော်ဆောင်ရွက်မည်ဖြစ်ပြီး၊ မွန်နှင့် ချင်း ပြည်နယ်များကို ၂၀၁၃ ခုနှစ်တွင် စတင်ကာ၊ ၂၀၁၄ ခုနှစ်အစတွင် နောက်ထပ် ပြည်နယ်နှင့်တိုင်းဒေသကြီး ၄ ခု (ရှမ်း၊ ပဲခူး၊ မန္တလေးနှင့် ဧရာဝတီ) တိုးချဲ့ကာ၊ နောက်ဆုံးတွင် ကျန်ရှိနေ သော ပြည်နယ်နှင့်တိုင်းဒေသကြီး ၈ ခုသို့ ၂၀၁၄ ခုနှစ် တတိယနှစ်ဝက်ပိုင်းတွင် တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်သည်။

နည်းစနစ်ကို ပုံစံ ၃ တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။




ပုံစံ ၃ မြန်မာနိုင်ငံအတွက် UNDP၏ ဒေသန္တရ အုပ်ချုပ်ရေးလေ့လာမှုနည်းစနစ်

လေ့လာမှုလုပ်ငန်းကို နိုင်ငံသားများ၏ အကဲဖြတ်မှတ်တမ်း (CRC) နှင့် ရပ်ရွာလူထုအဖွဲ့အစည်း ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းတို့နှင့် စတင်မည်ဖြစ်ပြီး၊ ၄င်းတို့သည် အိမ်ထောင်စုများ၊ ရှေ့တန်းမှ ဝန်ဆောင်မှုဖြည့်ဆည်းပေးနေသူများ နှင့် ကျေးရွာ/ရပ်ကွက်အဆင့်အုပ်ချုပ်ရေးမှူးများထံမှ သတင်းအချက်အလက်များ ကောက်ယူမည်ဖြစ်သည်။ CRC နှင့် ရပ်ရွာလူထုအဖွဲ့အစည်း ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်း တို့မှရရှိလာသော အချက်အလက်များကို မြို့နယ်အဆင့်၌အမျိုးမျိုးသော သက်ဆိုင်ရာပါဝင်ဆောင်ရွက်သူအုပ်စုများ ပါဝင်သည့် အစိုးရကိုယ်တိုင်ဆန်းစစ်ချက် (GSA) လုပ်ငန်းသို့ သတင်းအချက်အလက်များပေးရန် အသုံးပြုမည်ဖြစ်သည်။

ကောင်းမွန်သောဒေသန္တရအုပ်ချုပ်ရေး၏စံနှုန်း သို့မဟုတ် မူ ၅ ချက်သည် CRC နှင့် GSA တို့အတွက် မူဘောင်သတ်မှတ်ပေးမည်ဖြစ်သည်။

၁။ ထိရောက်မှုရှိခြင်းနှင့်စွမ်းဆောင်ရည်ပြည့်ဝခြင်း၊
၂။ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့်တရားဥပဒေစိုးမိုးမှု၊
၃။ တာဝန်ခံမှုရှိခြင်း (ဥပဒေရေး၊ နိုင်ငံရေးနှင့်လူမှုရေး)
၄။ ပါဝင်ဆောင်ရွက်မှုရှိခြင်း၊
၅။ တရားမျှတမှုရှိခြင်း

ဝန်ကြီးဌာနများ နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အစိုးရဝန်ထမ်းများ၊ အမျိုးမျိုးသော ကော်မတီများ၊ NGOs၊CBOs၊ မီဒီယာနှင့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများမှ အဖွဲ့ဝင်များသည် ဤလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ကြမည်ဖြစ်သည်။ အလားတူ GSA လုပ်ငန်းကိုလည်း ပြည်နယ်အဆင့်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ အဆင့်အမျိုးမျိုးမှ လေ့လာသုံးသပ်ချက်များသည် အစိုးရနှင့်အစိုးရမဟုတ်သော ပါဝင်ဆောင်ရွက်သူများ အတွက် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးနှင့် စွမ်းရည်တည်ဆောက်ရေးအတွက် လမ်းညွှန်ချက်များကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။

လုပ်ငန်းအကောင်အထည်ဖော်ရန်အတွက် ပထမ ပြည်နယ်နှစ်ခု (မွန် နှင့် ချင်း) တို့မှ ၆ မြို့နယ်စီ ရွေးချယ်မည်ဖြစ်သည်။ မြို့နယ်တစ်မြို့နယ်စီမှ ရပ်ရွာလူထုအဖွဲ့အစည်းနှစ်ခု (ကျေးရွာများ/ရပ်ကွက်များ) ကို CRCနှင့် ရပ်ရွာလူထုအဖွဲ့အစည်း

ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းအတွက် ရွေးချယ်မည်ဖြစ်သည်။

CRC နှင့် CSC အစီရင်ခံစာများကို မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များက အောက်ပါအတိုင်းအသုံးပြုနိုင်မည်ဖြစ်သည် -

- ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေးအတွက် ဦးစားပေးလုပ်ငန်းများ ဖော်ထုတ်ရန်၊
- စီမံကိန်းရေးဆွဲရာတွင် နိုင်ငံသားများ ပါဝင်မှု တိုးတက်ကောင်းမွန် လာစေရန် နည်းလမ်းတစ်ခုအနေဖြင့်၊GSAအစီရင်ခံစာနှင့် စွမ်းရည် ဖွံ့ဖြိုးမှုစီမံကိန်းများကို အောက်ပါအတိုင်းအသုံးပြုနိုင်သည် -
- မြို့နယ်နှင့် ပြည်နယ်/တိုင်းဒေသကြီးများက ၎င်းတို့၏ ကိုယ်ပိုင် လုပ်ဆောင်နိုင်စွမ်းနှင့် စွမ်းဆောင်ရည်များကို တိုးတက်ကောင်းမွန်လာစေရန်၊
- MoHA/GAD တို့က အုပ်ချုပ်ရေးအရည်အသွေးတိုးတက်ကောင်းမွန်စေရန်နှင့် ၎င်း၏အောက်ခြေအဆင့်အဖွဲ့အစည်းများသို့ (လေ့ကျင့်သင်တန်း ကဲ့သို့သော) ပံ့ပိုးမှုများပေးရန်၊
- ပြည်ထောင်စုအဆင့်ကဏ္ဍအလိုက် ဝန်ကြီးဌာနများက ၎င်းတို့၏ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးမူဝါဒများနှင့်မဟာဗျူဟာများ ပိုမိုဖွံ့ဖြိုးစေရန်နှင့် အောက်ခြေအဆင့် အဖွဲ့အစည်းများ၊ ဌာနများသို့ပံ့ပိုးမှုပုံစံများ ပိုမိုတိုးတက်ကောင်းမွန်စေရန်၊
- အမျိုးစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ၎င်း၏စွမ်းဆောင်ရည် ကြပ်မတ်စစ်ဆေးမှုယန္တရားများ တိုးတက်ရေးအတွက် သွင်းအားစုအဖြစ် အသုံးပြုရန်၊
- UNDPနှင့် အခြားသောမိတ်ဖက်အဖွဲ့အစည်းများက တိုင်းဒေသကြီး/ပြည်နယ် နှင့် မြို့နယ်များသို့ ၎င်းတို့၏စွမ်းရည်ဖွံ့ဖြိုးရေး ပံ့ပိုးမှုမဟာဗျူဟာများ ဖွံ့ဖြိုးတိုးတက်စေရန်၊
- မြန်မာနိုင်ငံအစိုးရက ဒေသန္တရအစိုးရနှင့် ပတ်သက်၍ ၎င်း၏မူဝါဒများနှင့် ဥပဒေများ တိုးတက်ကောင်းမွန်စေရန်၊

ဗီယက်နမ်နိုင်ငံရှိ PAPIအတွက် အမျိုးသားအကြံပေးဘုတ်အဖွဲ့နှင့်အလားတူစွာ UNDPက မြန်မာနိုင်ငံတွင်စီမံကိန်းကာလအတွက် အကြံပေးကော်မတီတစ်ရပ် ထူထောင်ရန် အဆိုပြုပါသည်။ အကြံပေးကော်မတီက လေ့လာမှုလုပ်ငန်းတွင် UNDPနှင့် အရေးကြီးသော ပါဝင်ဆောင်ရွက်သူများကြား အပြန်အလှန်ဆက်သွယ်ရေး လမ်းကြောင်းတစ်ခုအဖြစ် ဆောင်ရွက်ပေးရင်း ဒေသန္တရ အုပ်ချုပ်ရေးလေ့လာမှု နည်းလမ်းနှင့် နည်းစနစ်များ၏ ပုံစံ၊ ဖွံ့ဖြိုးမှု၊အကောင်အထည်ဖော်မှုတို့နှင့်ပတ်သက်၍ UNDPကို အကြံပေးမည်ဖြစ်သည်။

## စုံညီဆွေးနွေးပွဲ

မျက်နှာစုံညီ တင်ပြဆွေးနွေးမှုများ ပြုလုပ်ပြီးနောက်ပိုင်း အမေး အဖြေကဏ္ဍတွင် ပါဝင်တက်ရောက်လာသူများက နိုင်ငံအသီးသီးတို့ရှိ ဗဟိုထိန်းချုပ်မှုလျှော့ပါးရေး နောက်ကွယ်ရှိ အဓိကတွန်းအားပေးသော အချက်များအကြောင်း၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဗဟို ထိန်းချုပ် မှုလျှော့ချရေးတို့၏ အဓိကအခြေခံအချက်အလက်များအကြောင်းနှင့် အများပါဝင်မှုရှိသော စီမံကိန်းရေးဆွဲခြင်းနှင့်ပတ်သက်သည့် အတွေ့အကြုံများအကြောင်းတို့ကိုသိရှိလိုကြပါသည်။ ဤလုပ်ငန်းစဉ်များတွင် ပုဂ္ဂလိကကဏ္ဍ၏ အခန်းကဏ္ဍကိုလည်း မေးမြန်းကြပါသည်။ ကျား-မညီမျှမှုကိစ္စရပ်များကိုလည်း ဆွေးနွေးကြပါသည်။

အုပ်ချုပ်ရေးဆန်းစစ်ချက်နှင့် လေ့လာမှုနည်းလမ်းများနှင့်ပတ်သက်ပြီး တက်ကြွစွာ ဆွေးနွေးကြပါသည်။ တက်ရောက်လာကြသူများသည် သဘာပတိအဖွဲ့ဝင်များအား နည်းစနစ်နှင့်ပတ်သက်၍လည်းကောင်း၊ နည်းလမ်းများ၏ ထိရောက်မှုရှိမှုနှင့်ပတ်သက်၍လည်းကောင်း၊ ဥပမာအားဖြင့် PAPIနှင့်ပတ်သက်၍ မေးမြန်းကြရာ ဤလုပ်ငန်းစဉ်အပေါ် အထူးစိတ်ဝင်စားကြောင်း ညွှန်ပြနေပါသည်။ တစ်ချိန်တည်းတွင် လေ့လာမှုနည်းစနစ် တိုးတက်ကောင်းမွန်ရေးအတွက် တက်ရောက်လာသူများက အကြံပြုချက်များနှင့် အကြံဉာဏ်များပေးအပ်ကြပါသည်။

CRCတွင် ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများနှင့် ဘာသာရေးအဖွဲ့အစည်းများ ပါဝင်မှု၏ အရေးကြီးပုံနှင့်စပ်လျဉ်း၍ အရေးပါသည့်အကြံပြုချက်ကိုလည်းပေးအပ်ပါသည်။ နောက်ထပ်အကြံပြုချက်တစ်ခုမှာ မျှော်လင့်ချက်များ ဖြစ်လာနိုင်မှုနှင့် ပတ်သက်၍ စီမံခန့်ခွဲခြင်း ဖြစ်ပြီး၊ အထူးသဖြင့် ရပ်ရွာလူထုအဖွဲ့အစည်းအတွင်းတွင် လေ့လာမှုလုပ်ငန်းကို လက်ရှိအခြေအနေကို လေ့လာမှုအကဲဖြတ်မှုထက် ဖွံ့ဖြိုးမှုအကူအညီပေးရေး ကတိပြုချက်အဖြစ် ရှုမြင်နိုင် ပါသည်။ CRCနှင့် ရပ်ရွာလူထုညှိနှိုင်းဆွေးနွေးမှု များတွင် ရပ်ရွာလူထုအနေဖြင့် ပါဝင်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများနှင့် ပတ်သက်၍လည်း စိုးရိမ်မှုများကို တင်ပြကြပါသည်။

# အုပ်စုဖွဲ့ဆွေးနွေးခြင်း

အစိုးရနှင့်အစိုးရမဟုတ်သော ပါဝင်တက်ရောက်သူများကို ရောနှောပေါင်းစပ်၍ အုပ်စုဖွဲ့ဆွေးနွေးမှုများဆောင်ရွက်စေခြင်းသည် ဤ အလုပ်ရုံဆွေးနွေးပွဲ၏ အဓိကကျသော ပါဝင်ဆောင်ရွက်မှု ပုံစံတစ်ခုဖြစ်ပြီး၊ အရေးပါသော တီထွင်ဆန်းသစ် မှုတစ်ခုလည်းဖြစ်သည်။ သက်ဆိုင်ရာ အဖွဲ့အစည်းလိုက်ပါဝင်တက်ရောက်သူများကို အုပ်စုများအတွင်း အညီအမျှခွဲဝေထည့်သွင်းခြင်းဖြင့် အုပ်စု ၄ စု ခွဲခြားခဲ့ပါသည်။ ဆွေးနွေးမှုများသည် တက်ရောက်သူများအား ၎င်းတို့၏အမြင်များကို မျှဝေရန်၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေ့လာရန်နှင့် လွတ်လပ်စွာ ဆွေးနွေးနိုင်ကြရန် အခွင့်အလမ်း ဖန်တီးပေးခဲ့ပြီး၊ အနာဂတ်တွေ့ဆုံဆွေးနွေးမှုနှင့်အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှုတို့ အတွက်လည်း အခြေခံအုပ်မြစ်ချပေးခဲ့ပါသည်။

အုပ်စု ၄ စုတွင် အုပ်စု ၂ စုက အစိုးရအဆင့်အမျိုးမျိုးတို့ရှိ စွမ်းရည်လိုအပ်ချက်များကို သုံးသပ်ဆွေးနွေးကြပြီး၊ အခြားအုပ်စု ၂ စုက လေ့လာမှုနည်းစနစ်နှင့်ပတ်သက်၍ အကဲဖြတ်ဆွေးနွေးမှုများပြုလုပ်ကြပါသည်။

**<u>ဒေသန္တရအုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲမှုများ- မြန်မာနိုင်ငံအတွက် အတွေ့အကြုံများ၏ ဆီ လျော်မှုရှိခြင်း</u>**

***ကူညီသူ - မစ္စတာ ပေါလ် ဗန် ဟုဖ်၊ UNDP ဒေ သန္တရအုပ်ချုပ်ရေး လေ့လာမှုဆိုင်ရာ ကျွမ်းကျင် ပညာရှင်***

**<u>ခေါင်းစဉ်၁</u>** - မြန်မာနိုင်ငံရှိ ဒေသန္တရအုပ်ချုပ်ရေးစနစ်နှင့် စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုအုပ်စုများကို ဒေသန္တရအုပ်ချုပ်ရေးနှင့်စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် အလေးထားစေလျက် အောက်ပါ မေးခွန်းများကို စဉ်စားဆွေးနွေးရန် မေးမြန်းခဲ့ပါသည်။

- ပြည်သူ့ဝန်ဆောင်မှုပေးခြင်းကို မြှင့်တင်ရေးအတွက် မြို့နယ်နှင့် ပြည်နယ်/တိုင်းဒေသကြီး နှစ်ခုလုံးရှိ အစိုးရစွမ်းဆောင်ရည်ကို တိုး တက်ကောင်းမွန်အောင်ဆောင်ရွက်ရန် မည် သည်တို့သည် အရေးအကြီးဆုံးစွမ်းရည်လို အပ်ချက်များဖြစ်သနည်း။
- သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်လာစေရေးအတွက် မြို့နယ်နှင့် ပြည်နယ်/တိုင်းဒေသကြီး နှစ်ခုလုံးတွင် ကောင်းမွန်သော အုပ်ချုပ်ရေးကို တိုးတက်ကောင်းမွန်လာစေရန် မည်သည်တို့သည် အရေးအကြီးဆုံးစွမ်းရည် လိုအပ်ချက်များ ဖြစ်သနည်း။
- မြို့နယ်နှင့် ပြည်နယ်/တိုင်းဒေသကြီး နှစ်ခုလုံးတွင် စီမံကိန်းရေးဆွဲခြင်းနှင့် ဖွံ့ဖြိုးရေးများတွင် နိုင်ငံသားများ ပါဝင်ဆောင်ရွက်မှု တိုး တက်ကောင်းမွန်လာစေရန် မည်သည်တို့သည် အရေးအကြီးဆုံးစွမ်းရည် လိုအပ်ချက်များ ဖြစ်သနည်း။

**အုပ်စု ၁**

***ကူညီသူ - ဒေါ်စန္ဒာသန့်၊ UNDP မြန်မာ***

***ပူးတွဲကူညီသူ - မစ္စ သုစီသာ ပီလာပီတိယာ၊ UNDP-APRC ဘန်ကောက်***

ဤအုပ်စုက အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်များ (Institutional Capacities) မြှင့်တင်ရန် ပြည်ထောင်စုအစိုးရသည် ပြည်သူ့ဝန်ဆောင်မှုပေးခြင်းနှင့်ပတ်သက်၍ ပြည်နယ်/တိုင်း ဒေသကြီးများကြား အာဏာခွဲဝေမှုကို တိကျရှင်းလင်းစွာဆောင်ရွက်ရမည်ဖြစ်ကြောင်းဆွေးနွေး တင်ပြပါသည် (ဥပဒေဖြင့် သတ်မှတ်ပြဌာန်းပေးခြင်း မဟုတ်လျှင်တောင်မှ စည်းမျဉ်းများ သို့မဟုတ်

အမိန့်ကြေညာစာများ ထုတ်ပြန်၍ တိကျရှင်းလင်း အောင်ဆောင်ရွက်နိုင်ပါသည်)။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပေးအပ်ရာတွင်အခန်းကဏ္ဍနှင့်တာဝန်ဝတ္တရားများကို နိုင်ငံတော်၏ မျှော်မှန်းချက်၊ မူဝါဒများနှင့်အညီ တိကျရှင်းလင်းအောင် ဆောင်ရွက်သင့်ပြီး၊ အဆင့်အမျိုးမျိုးရှိ ပြည်သူ့ဝန်ဆောင်မှုပေးခြင်းကို ကဏ္ဍများအပေါ်အခြေခံ၍ တိကျရှင်းလင်းစွာ တာဝန်ပေးအပ်ရမည်။

ညှိနှိုင်းဆွေးနွေးမှုယန္တရားများတွင် ပြည်သူကို ကိုယ်စားပြုသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် လေးလတစ်ကြိမ်အစည်းအဝေးများထည့်သွင်းကျင်းပသင့်ကြောင်း ဤအုပ်စုက အကြံပြုပါသည်။ ၎င်းအဖွဲ့အစည်းများထဲမှ များစွာတို့သည် ပြည်သူများ၏ ဝန်ဆောင်မှုလိုအပ်ချက်များကို အစိုးရက လက်ရှိ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့် ဆင်းရဲနွမ်းပါးသော ရပ်ရွာလူထုအဖွဲ့အစည်းများအတွက် နည်းပါးသော အရင်းအမြစ်များနှင့် လုပ်ကိုင်ဆောင်ရွက် နေကြခြင်းဖြစ်ကြောင်း ဖော်ပြကြပါသည်။

အခြားသောအကြံပြုချက်များတွင် ကျား-မအရေးတုံ့ပြန်ဖြေရှင်းဆောင်ရွက်မှုကို လုံလောက်သည့် အလေးထားမှုပေးရန်၊ နှင့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများကို ခိုင်မာအောင် တည်ဆောက်ရန် တို့ပါဝင်ပါသည်။

ပွင့်လင်းမြင်သာမှုရှိခြင်း နှင့် တာဝန်ယူမှုရှိခြင်းတို့အပြင် သတင်းအချက်အလက်ရရှိနိုင်မှု တို့ကို သန့်ရှင်းပြီး ပွင့်လင်းမြင်သာမှုရှိသော အစိုးရဖြစ်ပေါ်ရေးတွင် အဓိကကျသော အစိတ်အပိုင်းများအဖြစ် ဖော်ပြကြပါသည်။ ဤအုပ်စုက ပြည်သူတို့သည် ၎င်းတို့၏ ပြည်သူ့အခွင့်အရေးများကို နားလည်လာစေရန် အသိပညာမြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်း အလေးထား ပြောကြားကြပါသည်။ အဖွဲ့အစည်းဆိုင်ရာတာဝန်ဝတ္တရားများနှင့် စွမ်းရည်များနှင့်ပတ်သက်၍ သိရှိနားလည်မှုမြှင့်တင်ပေးခြင်း၊ အကျေနပ်မှုကို ဖော်ထုတ်တင်ပြနိုင်သည့် ယန္တရားများ၊ ပြည်သူ့နီတိ သင်ကြားမှု၊ တက်ကြွသော နိုင်ငံသားများဖြစ်ရေး တွန်းအားပေးဆောင်ရွက်ရန်လိုအပ်မှု နှင့် မီဒီယာတို့၏အခန်းကဏ္ဍတို့ကိုလည်း အလေးထား ဆွေးနွေးတင်ပြသွားကြပါသည်။

ဤအုပ်စုက စီမံကိန်းရေးဆွဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် နိုင်ငံသားများ ထည့်သွင်းဆောင်ရွက်စေခြင်း အတွက် အခိုင်အမာထောက်ခံ တင်ပြခဲ့ကြပါသည်။ သတင်းအချက်အလက်ရရှိနိုင်မှုကို မြှင့်တင်ဆောင်ရွက်ရန်လိုအပ်မှုနှင့် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုကို အားပေးရန်အရေးကြီးပုံတို့ကိုလည်း အလေးထား တင်ပြကြပါသည်။ အောက်ခြေမှအစပြုသော စီမံကိန်းရေးဆွဲခြင်းနည်းလမ်းများကို စီမံကိန်းရေး ဆွဲခြင်းနှင့်အကောင်အထည်ဖော်ရေး ကော်မတီများက လွတ်လပ်စွာ စောင့်ကြည့်ကြပ်မတ် ဆောင်ရွက်သင့်ကြောင်းကိုလည်း အကြံပြုကြပါ သည်။

ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီ (လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်မှု အပါအဝင်) ၏ အခန်းကဏ္ဍနှင့်တာဝန်ဝတ္တရားများကို တိတိကျကျ သတ်မှတ်ပေးသင့်ကြောင်းကိုလည်း ဤအုပ်စုက အဆိုပြုပါသည်။

တောင်းဆိုမှုအပိုင်းနှင့်ပတ်သက်၍လည်း အမျိုးသမီးအဖွဲ့အစည်းများ (ဥပမာ - မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း) ကို ပိုမိုခိုင်မာအားကောင်းအောင်ဆောင်ရွက်ပေးသင့်ကြောင်း ကိုလည်း အဆိုပြုပါသည်။ ဥစ္စာရှင်လို့ဥစ္စာရှင်ခဲ့အသိစိတ်ကို အားပေးရန်လိုအပ်ပြီး၊ သို့မှသာ ပြည်သူတို့အနေဖြင့် အရပ်ဖက် လူမှုအဖွဲ့အစည်းများ ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကို တာဝန်ယူဆောင်ရွက်လာကြမည် ဖြစ်သည်။ ထိခိုက်ခံစားရလွယ်သသော လူအုပ်စုများ၏ ပါဝင်ဆောင်ရွက်မှုကို တက်ကြွစွာ အားပေးသင့်ကြောင်းတင်ပြကြပါသည်။

**အုပ်စု ၂**

***ကူညီသူ - ဒေါ်သင်းသင်းအောင်၊ UNDP မြန်မာ***

***ပူးတွဲကူညီသူ - မစ္စတာ ရွန် ဆမ်မြူရယ် ၊ UNDP အော့စလိုအုပ်ချုပ်ရေးစင်တာ***

ဖွဲ့စည်းမှုဆိုင်ရာအဆင့်၌ (Instiontutional Level) စွမ်းရည်တည် ဆောက်ရန်အလို့ငှာ ပုံမှန်ကြပ်မတ်စစ်ဆေးမှုနှင့် အကဲဖြတ်ချက် လိုအပ်ကြောင်းကို ဤအုပ်စုက အလေးထား တင်ပြပါသည်။ ၄င်းကိုရရှိရန်အတွက် အချက် အလက်ကောက်ယူမှုနှင့် သုံးသပ်ချက် နှစ်မျိုးလုံး လိုအပ်မည်ဖြစ်သည်။ ဥပမာအားဖြင့် ဆောင်ရွက်မှုများ အောင်မြင်မှုရှိ မရှိကို တိုင်းတာရန် အချိန်ကာလများ စာရင်းဇယား အချက်အလက်များဆိုင်ရာ နှိုင်းယှဉ် လေ့လာမှု ပြုလုပ်ခြင်း။ နောက်ထပ် စွမ်းရည်တည်ဆောက် ရေးလုပ်ငန်းတွင် ရရှိနိုင်သော ဘတ်ဂျက် အပေါ်၌ ထိရောက်သော အုပ်ချုပ်စီမံခန့်ခွဲမှု ပါဝင်သင့်သည်။ အစိုးရ၏ အမြင်ရှုထောင်မှ ကြည့်လျှင် စီမံကိန်းလုပ်ငန်းများအတွက် ခွင့် ပြုရန် သင့်တင့်မျှတသော အချိန်ကာလအတွင်း ရရှိအောင် နှင့် ဘတ်ဂျက်ခွဲဝေသတ် မှတ်မှု ကြို တင်ပြုလုပ်ရန် လိုအပ်ပါသည်။

ဤအုပ်စုက ပေးအပ်ထားသော လုပ်ငန်းတာဝန် များကို ပြီးစီးအောင်ဆောင်ရွက်ရန် လုပ်ပိုင်ခွင့် အာဏာနှင့်လွတ်လပ်စွာလုပ်ကိုင်ခွင့်တို့ကို အခိုင် အမာ သတ်မှတ်နိုင်ရန်ကိုလည်း ထုတ်ဖော်တင်ပြ ခဲ့ပါသည်။ နိုင်ငံသည် ဒီမိုကရေစီစနစ်သို့ ရွေ့ ဆက်လျောက်လှမ်းနေချိန်တွင် အဖွဲ့အစည်းများ အားလုံး တူညီသောမူဘောင်အတွင်း လုပ်ကိုင် ဆောင်ရွက်နိုင်ရန် အထူးသဖြင့် အဖွဲ့အစည်း ဆိုင် ရာအဆင့်၌ တရားဥပဒေစိုးမိုးမှု တည် ဆောက်ရန် လိုအပ်ပါသည်။ NGOများနှင့်ဖွံ့ဖြိုးမှု မိတ်ဖက်များကြားတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့် တင်ရန် အဖွဲ့အစည်းများ၏ ကွန်ယက်ကို လည်း ခိုင်မာအား ကောင်းအောင် တည်ဆောက်သင့် သည်။

နောက်ဆုံးအနေဖြင့် ဆုံးဖြတ်ချက်များချမှတ်ရာ တွင် အကျိုးသက်ရောက်မှုခံစားရမည့် ပြည်သူ များအား ပွင့်လင်းမြင်သာမှုပေးရန်နှင့်သိရှိစေရန် ဆောင်ရွက်ပေးခြင်းဖြင့် ကော်မတီများအတွင်း၌ သင့်တော်သော အပြန်အလှန်စစ်ဆေးထိန်းချုပ် သည့်စနစ်တစ်ရပ်တည်ဆောက်သင့်ပါသည်။ သန့်ရှင်းသော အစိုးရသည် ယုံကြည်မှု၊ တရားမျှ တစွာ ဆုံးဖြတ်နိုင်သည့်စွမ်းရည် နှင့် ပွင့်လင်း သော ဆက်သွယ်ရေးတို့ လိုအပ်ပါသည်။ တစ် ချိန်တည်းတွင် ၄င်းသည် ပြုမူဆောင်ရွက်မှုဆိုင် ရာ ကျင့်ထုံး၊ ကိုယ်ကျင့်တရား၊ ဆုလဒ် နှင့် ပြစ် ဒဏ်တို့လည်း လိုအပ်ပါသည်။

**<u>ခေါင်းစဉ် ၂ -</u>** မြန်မာနိုင်ငံတွင် ဒေသန္တရ အုပ်ချုပ်ရေးစနစ်လေ့လာမှုအတွက် အဆိုပြုသည့် နည်းစနစ်

အုပ်ချုပ်ရေးလေ့လာမှုနည်းစနစ်ကို အလေးထား လျက် အုပ်စုနှစ်စုတို့ကို အောက်ပါမေးခွန်းများ ကို စဉ်းစားဆွေးနွေးမှုများ ပြုလုပ်ရန် မေးမြန်း ထားပါသည် -

- ဤအုပ်ချုပ်ရေးလေ့လာမှုလုပ်ငန်းကို ဆောင် ရွက်သောအခါ ဖြစ်ပေါ်လာနိုင်သည့် အား နည်းချက်များ သို့မဟုတ် အခက်အခဲများမှာ မည်သည်တို့နည်း။
- အုပ်ချုပ်ရေးလေ့လာမှုလုပ်ငန်းအတွင်း အခြေခံဝန်ဆောင်မှုကဏ္ဍများအားလုံး ထည့် သွင်းရန် မဖြစ်နိုင်သောကြောင့် မည်သည့် ဝန်ဆောင်မှုကဏ္ဍ နှစ်ခုကို ထည့်သွင်းသင့် သ နည်း၊ အဘယ့်ကြောင့်နည်း။

### အုပ်စု ၃

***ကူညီသူ - ဦးအေးလွင်၊ UNDPမြန်မာ***

***ပူးတွဲကူညီသူ - မစ္စ ဆူယာလာ ပန့်၊ UNDP-APRC ဘန်ကောက်***

ဤအုပ်စုသည် လေ့လာမှုလုပ်ငန်းအတွက် များစွာသောအကြံပြုချက်များကို ပြုလုပ်ခဲ့ကြပါသည်။ ဤလေ့လာမှုလုပ်ငန်းတွင် ပြည်နယ်/တိုင်းဒေသကြီး ဝေးကွာသောမြို့နယ်များကို ထည့်သွင်းသင့်ကြောင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းတွင် တိုးတက်မှုရရှိနေသည် မြို့နယ်များကို ထည့်သွင်းသင့်ကြောင်းတို့ကို အခိုင်အမာ အကြံပြုကြပါသည်။ မူဝါဒဆုံးဖြတ်ချက်များ ချမှတ်ရေးအတွက် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များ ရရှိစေရန်အတွက် အချက်အလက် ကောက်ယူခြင်းကို စနစ်တကျလုပ်ဆောင်သင့်ကြောင်း ပါဝင်ဆွေးနွေးသူများက အကြံပြုကြပါသည်။ ခိုင်မာအားကောင်းသော လေ့လာမှုနည်းစနစ်ကို ချမှတ်ကျင့်သုံးသင့်ပါသည်။ နည်းစနစ်၊ အချိန်သတ်မှတ်ချက်နှင့် ကွင်းဆင်း လေ့လာမှုအစီအစဉ်တို့ကို သက်ဆိုင်သူများအားလုံးတို့အား ဖြန့်ဝေပေးခြင်းဖြင့် သက်ဆိုင်ရာပါဝင်ဆောင်ရွက်သူများအားလုံးတို့သည် လေ့လာမှုလုပ်ငန်း၏ အရေးပါမှုကို နားလည်ကြမည်ဖြစ်သည်။

ပြည်နယ်/တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးများတွင် ဦးစားပေးလုပ်ငန်း များစွာ ရှိနေကြခြင်းကြောင့် ပြည်ထောင်စုအဆင့်မှ လာသော ညွှန်ကြားချက်သည်တိကျရှင်းလင်းမှုရှိရန်လိုအပ်ပြီး၊

လေ့လာမှု လုပ်ငန်းအတွက် အဆင့်မြင့်ဦးစားပေးမှု ဖော်ပြရန်လည်း လိုအပ်မည်ဖြစ်သည်။

အောက်ခြေအကျဆုံးအဆင့်၌ လေ့လာမှုမေးခွန်းများသည် ရပ်ရွာလူထုက နားလည်စေရန်နှင့် မေးခွန်းများကို သင့်တင့်လျောက်ပတ်စွာ တုံ့ပြန်နိုင်ရန် ရိုးရှင်းသည့် ဘာသာစကား အသုံးပြုရန်လိုအပ်သည်။ အုပ်စုဖွဲ့ဆွေးနွေးမှုများသည် ပွင့်လင်းမှုရှိပြီး၊ အများပါဝင်နိုင်မှုရှိရမည်ဖြစ်သည်။

လေ့လာမှုလုပ်ငန်းအတွက် ဝန်ဆောင်မှုကဏ္ဍသို့မဟုတ် အဓိကနယ်ပယ်ရွေးချယ်ရာတွင် အုပ်စုအဖွဲ့ဝင်များကြားတွင် အတော်အတန် ငြင်းခုန်ဆွေးနွေးမှုများ ရှိခဲ့ပြီး၊ ဝန်ဆောင်မှုကဏ္ဍနှစ်ခုနှင့် ပတ်သက်၍ သဘောတူညီချက်ရရှိရန် ခက်ခဲခဲ့ပါသည်။ နောက်ဆုံးတွင် ပါဝင်ဆွေးနွေး သူများကြား အောက်ပါဦးစားပေးကဏ္ဍများကို သဘောတူညီခဲ့ကြပါသည် -

၁။ ပြည်သူ့အုပ်ချုပ်ရေး

၂။ စိုက်ပျိုးရေး

၃။ ကျန်းမာရေး

၄။ ပညာရေး

လေ့လာမှုလုပ်ငန်းတွင် ပါဝင်မည့်သူများ အဖြစ် လွှတ်တော်ကိုယ်စားလှယ်၊ လူရိုသေရှင်ရိုသေ ရပ်ရွာလူထုအဖွဲ့အစည်းဝင်များ၊ အမျိုးသမီးများနှင့် ထိခိုက်ခံစားလွယ်သူများ နှင့် လူနည်းစုများအပါအဝင် တိုင်းရင်းသားလူမျိုးစုများအားလုံးတို့အား ထည့်သွင်းခဲ့ပါသည်။

လေ့လာမှုတွင် ဖြေကြားမည့်သူများကို ရွေးချယ်ခြင်းနှင့် ရပ်ရွာလူထုအဖွဲ့အစည်းညှိနှိုင်းဆွေးနွေးမှုများတွင် ပါဝင်မည့်သူများကို ရွေးချယ်ရာတွင် ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူးများက မလျော်မကန်လွှမ်းမိုးမှုများရှိနိုင်ကြောင်းလည်း သတိပေးခဲ့ပါသည်။

### အုပ်စု ၄

***ကူညီသူ - ဦးတင်အောင်ချို၊ UNDPမြန်မာ***

***ပူးတွဲကူညီသူ - ဒေါက်တာ ရှီပရာ နာရန်းဆူရီ၊ UNDPမြန်မာ***

ဖြစ်ပေါ်လာနိုင်သည့်အားနည်းချက်များသို့မဟုတ် အခက်အခဲများကို တုံ့ပြန်ဖြေကြားရာတွင် ရပ်ရွာလူထုအဆင့်နှင့်အရာရှိအဆင့်တို့၌ လေ့လာမှုလုပ်ငန်းကို သိရှိနားလည်မှု နည်းပါးခြင်းနှင့်အ

ထောက် အကူပြုကျွမ်းကျင်မှုများ/စွမ်းရည်များ အားနည်း ခြင်းကြောင့် လေ့လာမှုလုပ်ငန်းကို ဆန့်ကျင်ဖက် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ဤအုပ်စုက သတိပေးပြောကြားပါသည်။ ထောက်ပံ့ရေး၊ ဘာသာစကားအခက် အခဲ၊ သယ်ယူပို့ဆောင်ရေး၊ ရာသီဥတုနှင့် ကျေးလက် ရာသီအလိုက် လုပ်ငန်းဆောင်ရွက်မှုအချိန်စသည်တို့ကို ဖြစ်နိုင်ချေရှိသော စိန်ခေါ်မှုများအဖြစ် အလေးထား ဖော်ပြကြသည်။ ယဉ်ကျေးမှုဆိုင်ရာနှင့် ကျား-မ ဆိုင်ရာ ထိခိုက်ခံစားရလွယ်မှုတို့ကို လည်း ဖော်ပြကြပါသည်။

ဤအုပ်စုက လေ့လာမှုလုပ်ငန်းအတွက်ကဏ္ဍများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြေခံပညာရေးတို့ကို ရပ်ရွာလူထုအဖွဲ့အစည်းတိုင်း၌ လိုအပ်သော အရေးကြီးသည့် ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် ရွေးချယ်ခဲ့ကြပါသည်။

ဤအုပ်စုက လေ့လာမှုလုပ်ငန်းတွင် ထည့်သွင်းရန်အတွက် အချို့သော သက်ဆိုင်ရာအုပ်စုများကိုအကြံပြုခဲ့ပါသည်။ အခြေခံအကျဆုံးအဆင့်တွင်အခြေခံပညာဆရာဆရာမများ၊ သူနာပြုများ၊ ဝမ်းဆွဲဆရာမများ၊ ဘာသာရေးခေါင်းဆောင်များ၊ နှင့် ကြည်ညိုလေးစားခံရသော ဆရာတော်တို့ အပြင် အစုအဖွဲ့ခေါင်းဆောင်များကို ထည့်သွင်းသင့်ကြောင်း အကြံပြုခဲ့ကြပါသည်။

မြို့နယ်အဆင့်တွင် အစိုးရဝန်ထမ်းများ(GADနှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝန်ကြီးဌာနများ)၊ ကော်မတီအဖွဲ့ဝင်များ (မြို့နယ်ကော်မတီအမျိုးမျိုးမှ ကိုယ်စားလှယ်များ)၊ CSOများ၊ စီးပွားရေးကဏ္ဍမှ ကိုယ်စားလှယ်များ၊ ဘာသာရေးအဖွဲ့အစည်းများ/လေးစားကြည်ညိုခံရသော

ဆရာတော်၊ နှင့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သင့် ပါသည်။ နိုင်ငံတော်အဆင့်တွင် အထက်ဖော်ပြပါ သက်ဆိုင်သူများအပြင် ပညာရပ်ပိုင်းဆိုင်ရာနှင့် မီဒီယာအသင်းအဖွဲ့များကို ဖိတ်ကြား သင့်ပါသည်။ ခြုံငုံကြည့်လျှင် လေ့လာမှုနည်းစနစ်သည် ကျား-မ ရေးရာထည့်သွင်းစဉ်းစားသင့်ပြီး၊ ထိခိုက်ခံစားရလွယ်သော သူများနှင့်မသန်စွမ်းသူများကိုလည်း လေ့လာမှုလုပ်ငန်းစဉ်တွင် ပါဝင်စေသင့်ပါသည်။

## ပြန်လည်တင်ပြခြင်းနှင့် ဆွေးနွေးခြင်း

အလုပ်ရုံဆွေးနွေးပွဲပထမနေ့သည် အပြန်အလှန်ဆွေးနွေးတင်ပြမှုများရှိခဲ့ပြီး၊ သက်ဝင်လှုပ်ရှားမှုရှိခဲ့ပါသည်။ အထူးသဖြင့် အုပ်စုဖွဲ့ဆွေးနွေးပွဲများတွင် ပါဝင်သူများသည် ပွင့်လင်းမှုရှိသော အမူအရာများဖြင့် ၎င်းတို့၏အမြင်များနှင့် ထင်မြင်ယူဆ ချက်များကို မျှဝေခဲ့ကြပါသည်။ အုပ်စုများတွင်အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စား လှယ်များ၊ ပညာ ရပ်နယ်ပယ်များမှပုဂ္ဂိုလ်များ နှင့် CSO ကိုယ်စား လှယ်များ ရောယှက်ပါဝင်ပါသည်။

ပွင့်လင်းမှုရှိသော ဆွေးနွေးပွဲများတွင် ပါဝင်ဆောင်ရွက်လိုသည်ဆိုသည့်ဆန္ဒကို ထုတ်ဖော်ပြသလျက် များစွာသော အယူအဆများကို အချိန်တိုကာလအတွင်း ထုတ်ဖော်ခဲ့ကြပါသည်။ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတွက် စုဖွဲ့ဆောင်ရွက်မှုဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာနှင့် တစ်ဦးချင်းဆိုင်ရာ စွမ်းရည်လိုအပ်ချက်များနှင့် ပတ်သက်၍ အုပ်စု ၁ နှင့် အုပ်စု ၂ တို့မှ ပေါ်ထွက်လာသည့် တူညီသည့်ကိစ္စရပ်များတွင် အောက်ပါတို့ပါဝင်ပါသည်-

- (အစိုးရအဖွဲ့အတွင်း နှင့် အစိုးရနှင့်အခြားသော သက်ဆိုင်ရာပါဝင်ဆောင်ရွက်သူများကြား) ဒေါင်လိုက်နှင့်အလျားလိုက် ညှိနှိုင်းဆွေးနွေးမှု တိုးတက်ကောင်းမွန်စေရေး၊
- ပိုမို၍ ဗဟိုချုပ်ကိုင်မှုလျော့ကျစေရေးအတွက် သဟဇာတဖြစ်ပြီး စနစ်ကျနသော နည်းလမ်းတစ်ရပ်ဖြစ်ပေါ်ရေး (ဥပမာ - အာဏာ၊ လုပ်ပိုင်ခွင့် နှင့် စွမ်းဆောင်ရည် များနှင့်ပတ်သက်၍ ရှင်းလင်းတိကျမှုရှိခြင်း)

- နိုင်ငံသားများ၏အခွင့်အရေးများနှင့်တာဝန်များကို သိရှိနားလည်မှုမြှင့်တင်ခြင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ကိုယ်စားပြုပါဝင်ခြင်းနှင့် အမျိုးသမီးများပါဝင်မှုကိုတို့ကိုအလေးထားခြင်း စသည်တို့အပါအဝင် တက်ကြွမှုရှိသည့်နိုင်ငံသားဖြစ်မှုကို မြှင့်တင်ဆောင်ရွက်ခြင်း၊
- လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အမှားအယွင်းများကိုပြုပြင်သည့် ယန္တရား တည်ထောင်ခြင်း (ဥပမာအားဖြင့် တိုင်တန်းစာများ တင်ပြခြင်း အထူးသဖြင့် လာဘ်ပေးလာဘ်ယူမှုကိစ္စအတွက် လုပ်ကိုင်ဆောင်ရွက်၍ရရှိနိုင်သည့် အရေးပေါ် တယ်လီဖုန်းလိုင်း) ဒေသန္တရအုပ်ချုပ်ရေးနည်းစနစ်ကသိရှိဂရုပြုသင့်သည့် ဖြစ်နိုင်ခြေရှိသော အခက်အခဲများနှင့် ပတ်သက် ၍အုပ်စု ၃ နှင့် ၄ တို့က အောက်ပါကိစ္စရပ် များကို အလေးထားတင်ပြပါသည်-
- သက်ဆိုင်ရာ ပါဝင်ဆောင်ရွက်သူများ အားလုံးသို့ ခရီးသွားလာမှုနှင့်ခေတ်မီသော ဆက်သွယ်ရေး အထောက်အပံ့များကို ဂရုတစိုက်စီစဉ်ဆောင်ရွက်ပေးခြင်း၊
- အစိုးရဝန်ထမ်းများအား ဤလုပ်ငန်းစဉ်ကို ဦး စားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ၎င်းတို့၏ အချိန်များပေးကာ အာရုံစိုက်ဆောင်ရွက်ကြရန် ညွှန်ကြားမှုပြုလုပ်ထားခြင်း၊
- ပုံစံများ အသုံးပြုမှု ရှင်းလင်းလွယ်ကူစေခြင်း၊ ဒေသန္တရဘာသာစကား အသုံးပြုခြင်း နှင့် (ဒေသန္တရဘာသာစကားကျွမ်းကျင်သည့်) ဒေသန္တရ ကူညီသူများ အသုံးပြုခြင်း၊
- ကူညီဆောင်ရွက်ပေးမည့်သူများကို လေ့ကျင့်သင်တန်းပေးခြင်း၊
- ယုံကြည်မှု ပတ်ဝန်းကျင်တစ်ရပ် မဖြစ်မနေတည်ဆောက်ခြင်း။

ထည့်သွင်းဆောင်ရွက်မည့်ဝန်ဆောင်မှုကဏ္ဍများ ရွေးချယ်ရေးဆွေးနွေးကြရင်း၊ စီမံကိန်းရေးဆွဲခြင်း ကို ဦးစားပေးလုပ်ငန်းအဖြစ်ဖော်ပြကြပြီး၊ ၎င်းသည် ကဏ္ဍအားလုံးနှင့် ဆီလျော်မှုရှိမည်ဖြစ်သည်။ အုပ်စုနှစ်စုလုံးက ကျန်းမာရေးနှင့် ပညာရေးကို အလေးထားတင်ပြကြပြီး၊ စိုက်ပျိုးရေးနှင့် ပြည်သူ့အုပ်ချုပ်ရေးကိစ္စရပ်တို့ကိုလည်း ဖော်ပြကြပါသည်။

နောက်ဆုံးအနေဖြင့် လေ့လာမှုလုပ်ငန်းတွင်သက်ဆိုင်သူများပါဝင်မှုရှိစေရန် လွှတ်တော်ကိုယ်စားလှယ်များနှင့် ရွေးကောက်တင်မြှောက်ထားသော ကျေးရွာကိုယ်စားလှယ်များ (ဆယ်အိမ်ခေါင်း၊ ရာအိမ်ခေါင်းများ) နှင့်အတူ ကျေးရွာမြို့မိမြို့ဖများကိုလည်း ထည့်သွင်းရန်လိုအပ်ကြောင်း ထောက်ပြပြောဆိုကြပါသည်။ အစိုးရမဟုတ်သော ဝန်ဆောင်မှုပေးသူများ (ဘာသာရေးအဖွဲ့များအပါအဝင်) ကိုလည်း ထည့်သွင်းရန်လိုအပ်ပြီး၊ သက်ဆိုင်ရာပါဝင်ဆောင်ရွက်သူအုပ်စုများနှင့် ကူညီဆောင်ရွက်ပေးသူများအတွင်း ကျား-မ ညီမျှမှုကို ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်သည်။

ပြုပြင်ပြောင်းလဲရေးရည်မှန်းချက်များ အောင်မြင်ရရှိရေးနှင့် ၎င်းတို့၏အခန်းကဏ္ဍ များကို ဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး ကူညီမှုပေးရေးတို့အတွက် သက်ဆိုင်ရာပါဝင် ဆောင်ရွက်သူများ အတူတကွ ပူးပေါင်းလုပ် ဆောင်ကြရန် လိုအပ်ကြောင်း ယေဘူယျသဘောတူညီမှု ရရှိခဲ့ပါသည်။ လေ့လာမှုနည်းစနစ်ကိုလည်း အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသူများက ကြိုဆိုကြပြီး၊ ကျယ်ကျယ်ပြန့်ပြန့်ထောက်ခံမှု ရရှိခဲ့ပါသည်။





အလုပ်ရုံဆွေးနွေးပွဲ၏ ဒုတိယနေ့ အာရုံစူးစိုက်ချက်မှာ ပြည်သူ့ဗဟိုပြု ဝန်ဆောင်မှုပေးခြင်း နှင့် ပက်သက်၍ မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် ဒေသတွင်းမှ လက်တွေ့အတွေ့အကြုံများအကြောင်းဖြစ်ပါသည်။

## <u>ပြည်သူ ဗဟိုပြု ဝန်ဆောင်မှုပေးခြင်း</u>

### <u>ပထမနေ့ ဆွေးနွေးချက်များကိုခြုံငုံ၍ ပြန်လည် တင်ပြခြင်းနှင့် ဒုတိယနေ့ အစီအစဉ်များကို မိတ် ဆက်ခြင်း</u>

***ဒေါက်တာဒေါ်ခင်စန်းရီ — ဒုတိယဝန်ကြီး- အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု ဝန်ကြီး ဌာန***

ဒေါ်ခင်စန်းရီက ယခင်နေ့ အစီအစဉ်များတွင် အဓိကတင်ပြချက်များကို ခြုံငုံ၍ပြန်လည်တင်ပြရာတွင် အစိုးရဘက်မှကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အရပ်ဖက်အဖွဲ့အစည်းများပါဝင်သည့် အဖွဲ့လေးဖွဲ့ခွဲ၍ တက်ကြွစွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း Mapping အစီအစဉ်ဆောင်ရွက်ရာတွင် ဆက်စပ်ပါဝင်သူ Stake holders အားလုံးက အပြုသဘောဖြင့် တစ်လျှောက်လုံး ပါဝင်ဆောင်ရွက်ရန်လိုအပ်ကြောင်းကို တက်ရောက်သူအားလုံးက သဘောတူကြကြောင်း၊ အမျိုးသားအဆင့် ဒေသန္တရအုပ်ချုပ်ရေးပုံစံ လေ့လာချက်ကို စတင်ဆောင်ရွက်နိုင်ရန်အတွက် Advisory Committee အကြံပေးကော်မတီတစ်ရပ်ကို စောနိုင်သမျှ စောစီးစွာဖွဲ့စည်းရန် လိုအပ်ကြောင်းကိုလည်း ထပ်မံအတည်ပြု ပြောကြားပါသည်။ အဖွဲ့တစ်နှင့် အဖွဲ့နှစ်တို့က စွမ်းဆောင်ရည် ဖြည့်ဆည်းပေးရန် လိုအပ်ချက်ကို အာရုံစိုက်ဆွေးနွေးရာတွင် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများအကြား အထက်အောက် နှင့် အဆင့်တူ ဆက်ဆံမှုများ လိုအပ်နေကြောင်း၊ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးအစီအစဉ်ကိုလည်း စနစ်တကျ ချဉ်းကပ်ဖို့လိုကြောင်း အဖွဲ့သုံးနှင့် အဖွဲ့လေးတို့ကလည်း သတင်းအချက်အလက်များကို ကြိုတင်အသိပေးရန်နှင့် အကြောင်းအရာအလိုက် လိုအပ်မည့်အချက်များ ပါဝင်ရေးနှင့် လေ့လာချက်ပုံစံစနစ်အရ အကောင်အထည်ဖော်ရေး၊ ဒေသသုံးဘာသာစကားနှင့်ယဉ်ကျေးမှုများကိုလည်း သတိပြုဖို့လိုကြောင်း၊ အထူးသဖြင့် အများအတွက် လူများနားလည်နိုင်မည့် ရိုးရှင်းသော မေးခွန်းများသည် ပြည်သူများအပြည့်အဝ ပါဝင်လာရေးကို များစွာအထောက် အကူပြုနိုင်ကြောင်း၊ ပညာရေး၊ ကျန်းမာရေး စိုက်ပျိုးရေးနှင့် ပြည်သူ့အုပ်ချုပ်ရေးတို့သည် အာရုံစူးစိုက်သင့်သော အချက်များဖြစ်သည်ဟု ထောက်ပြခဲ့ကြကြောင်း ခြုံငုံ၍ပြန်လည် တင်ပြသွားပါသည်။



## <u>မြန်မာနိုင်ငံတွင် ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှု အတွက် အသစ် ဆောင်ရွက်ချက်များ</u>

***အဓိကမှတ်ချက်ပြု တင်ပြဆွေးနွေးသူ နိုင်ငံတော် သမ္မတရုံးဝန်ကြီး ဦးတင်နိုင်သိန်း***

ဆွေးနွေးပွဲ ဒုတိယနေ့တွင် တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား

ပြီးနောက် ဝန်ကြီးက ဆက်လက် မှာကြားရာတွင် နိုင်ငံတော်အစိုးရအပေါ်တွင် ပြည်သူများ၏ ယုံကြည်မှုကို ပြန်လည်ရရှိရန် လိုအပ်ချက်ကို အလေးထားပြောကြားပါသည်။ ဆက်လက်၍ ပြုပြင်ပြောင်းလဲရန် အရေးကြီး နေရာများနှင့် အလေ့အကျင့်များကို သုံးသပ်ရာတွင် ပြုပြင်ပြောင်းလဲမှု အစီအစဉ် အောင်မြင်မှုရရှိရေး အတွက် စွမ်းရည်မြှင့်တင်ရေးကို ကျယ်ပြန့်စွာ ဆောင်ရွက်ဖို့လိုအပ်ကြောင်း၊ အကျယ်တဝင့် သုံးသပ်ပြောကြားပါသည်။ နိုင်ငံအဝှမ်း မြို့နယ် ပေါင်းသုံးရာကျော် ရှိသဖြင့် အနာဂတ်သည် မြို့နယ်များ၏ ဖွံ့ဖြိုးမှုပေါ်တွင် တည်ရှိနေကြောင်း၊ မြို့နယ်နှင့် ကျေးရွာအဆင့်များတွင် ဖွံ့ဖြိုးရေးအထောက် အကူပြုကော်မတီများ ဖွဲ့စည်းပေးပြီးဖြစ်ကြောင်း၊ သို့ရာတွင် အဆိုပါ ကော်မတီများ၏ ကျွမ်းကျင်မှုနှင့် ပေါင်းစပ်မှု အရည်အသွေး မြှင့်တင်ပေးရန် လိုအပ်နေကြောင်း၊ လူမှုအရင်းအနှီးများကိုလည်း အားဖြည့်ပေးရမည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့အတွင်းရှိ လုပ်ငန်းအဖွဲ့နှင့် ပံ့ပိုးရေးအဖွဲ့များကိုလည်း ဖွဲ့စည်းထားပြီး ယင်းတို့ကို ထောက်ပံ့ရန်လည်း လိုအပ်ကြောင်း ပြောပါ သည်။

စီမံကိန်းရေးဆွဲရေးနှင့်ပတ်သတ်၍ ဆက်လက် ပြောကြားရာတွင် မြန်မာနိုင်ငံတွင် လူမှုစီးပွားရေးနှင့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးရေး၊ မြေအသုံးချရေး ပါဝင်သော မြို့နယ်စီမံကိန်းများ လိုအပ်ကြောင်း၊ စီမံကိန်းများ ပြည်သူများအား ဝန်ဆောင်မှုကို လိုအပ်ချက်များနှင့် ချိန်ခွင်လျှာမျှတစွာ စဉ်းစားဖို့လိုကြောင်း၊ မြို့နယ်အဆင့် စီမံကိန်းများကို အခြေခံမှ၍ ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဦးစားပေး ဖော်ထုတ်နိုင်ရန် ဖြစ်ကြောင်း ပြောကြားပါသည်။

ဆက်လက်၍ မှာကြားရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများသည် သူတို့ ကြီးကြပ်ရသော အစိုးရဝန်ထမ်းများ၏ လုပ်ဆောင်ချက်များကို အကဲဖြတ်ရာတွင် သူတို့၏ လေ့လာစောင့်ကြည့်ရေး စနစ်နှင့် အရည်အသွေးများကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ရန်လိုအပ်ကြောင်း၊ ယခု ဆောင်ရွက်ရန် အဆိုပြုထားသည့် လေ့လာချက် Mapping သည် ဖော်ပြပါ ရည်မှန်းချက်ကို အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း ၊ မြို့နယ်အဆင့် ကော်မတီများကလည်း ဒေသအတွင်း လိုအပ်ချက်များကို စိစစ်သုံးသပ်နိုင်ရန် အရေးကြီးကြောင်း၊ ယင်းတို့၏ စွမ်းရည်မှာလည်း မပြည့်စုံသေးသဖြင့် အားဖြည့်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် အစိုးရကလည်း အောက်ခြေရှိ အစိုးရအဖွဲ့အသီးသီးက လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ဘတ်ဂျက်စနစ်ကို ပြင်ဆင်ချမှတ်သွားရန် စဉ်းစားလျှက်ရှိကြောင်း ပြောကြားပါသည်။ နိဂုံးချုပ်ပြောကြားရာတွင် ဝန်ကြီးက ယခုကဲ့သို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာနဆိုင်ရာများနှင့် လူထုအဖွဲ့အစည်းများ စုံလင်စွာ ပါဝင်ဆွေးနွေးနေသည်ကို တွေ့မြင်ကြရကြောင်း၊ ဆက်စပ်ပါဝင်သူများအကြား ယုံကြည်မှုနှင့် နားလည်မှုတည်ဆောက်ရန် အခွင့်ကောင်းတစ်ရပ်ပင် ဖြစ်ပါကြောင်း၊ ယခု အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲသည် ဒေသတွင်းရှိအခြားနိုင်ငံများ၌ လူထုဖွံ့ဖြိုးမှုများ မည်ကဲ့သို့ဆောင်ရွက်နေသည်ကို နားလည်သိရှိနိုင်မည်ဖြစ်ပါ၍ ယင်းသင်ခန်းစာများကို မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များ ရှေ့ဆက်လုပ်ကိုင်ရာတွင် တွန်းအားအဖြစ် အသုံးချသွားရန် လိုအပ်ကြောင်း မိန့်ကြားသွားပါသည်။

## <u>ပြည်သူဗဟိုပြုဝန်ဆောင်မှုများ- ဒေသတွင်းရှိ နိုင်ငံများထံမှ နမူနာများ</u>

***ဒေါက်တာတင်မောင်သန်း - ညွှန်ကြားရေးမှူး -မြန်မာနိုင်ငံ ဖွံ့ဖြိုးရေး အရင်းအမြစ်များ အဖွဲ့ကြီး***

ယခုအစီအစဉ်သည် ဒေသတွင်းရှိ နိုင်ငံများ၌ အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းကို ပြည်သူ ဗဟို ပြု ပို၍ဖြစ်လာစေရန်၊ ပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စွာ ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကို မျှဝေပေးခြင်းဖြစ်ပါသည်။ ဆွေးနွေး တင်ပြချက်များသည် အများပါဝင်ပူးပေါင်းသည့် ဆောင်ရွက်မှုများမှ တစ်ဆင့်ဝန်ဆောင်မှုပေး ခြင်း၊ အများပါဝင်ဆောင်ရွက်သည့် စီမံကိန်း ရေးဆွဲခြင်းနှင့် တာဝန်ခံမှုတို့အကြောင်း ဖြစ်ပါသည်။ တင်ပြချက်တစ်ခုချင်းသည် အကြောင်း အချက်တစ်ခုချင်း၏ ဖြစ်စဉ်နှင့်ရလဒ်များ ဖြစ်သော်လည်း တူညီသည့် အချက်များစွာကိုလည်း တွေ့နိုင်ပြီး မြန်မာနိုင်ငံတွင် အသုံးချနိုင်မည်ဖြစ်ပါသည်။ ယင်းအချက်များကို နောက်ပိုင်း အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် ကိစ္စရပ်အလိုက် လေ့လာတွေ့ရှိချက်များကို အာရုံစူးစိုက်၍ ထပ်မံအတည်ပြုနိုင်ခဲ့ပါသည်။

**<u>ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုနှင့် အစိုးရနှင့် ပုဂ္ဂလိက လက်တွဲ ဆောင်ရွက်ခြင်း PPP ယူအင်န် ဒီပီ ၏ ရှုထောင့်</u>**

***မစ်စ် သုစိတာပီလာပိတိယ (ဒေသန္တရ အုပ်ချုပ်ရေးနှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေး အကြံပေးပုဂ္ဂိုလ် - ယူအင်ဒီပီအာရှပစိဖိတ် ဒေသရုံး)***

ပထမပိုင်း တင်ပြချက်၌ ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှု၏ အနက်အဓိပ္ပါယ်ကို ဒေသန္တရလူထု အဖွဲ့အစည်းများ၏ ကိုယ့်ခြေပေါ်ကိုယ် ရပ်တည်ရေး၊ လူမှုရေး၊ တရားမျှတမှုရှိရေးနှင့် အများပါဝင်ဆောင်ရွက်သည့် ဆုံးဖြတ်ချက်ချခြင်းတို့ ပိုမိုကောင်းမွန်လာရေးတို့ကို အာရုံစိုက်သည့် ချဉ်းကပ်ပုံနည်းလမ်း တစ်ခုအဖြစ် ဖွင့်ဆိုခဲ့ပါသည်။ ယင်းချဉ်းကပ်ပုံသည် စီးပွားရေးတိုးတက်မှု၊ လူသားဖွံ့ဖြိုးမှုကို အလိုအလျောက် အထောက်အကူ မဖြစ်စေကြောင်း သို့ဖြစ်၍ လူမှုရေး၊ နိုင်ငံရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုးနှင့် အလေ့အကျင့်များကို ပြောင်းလဲဖို့လိုကြောင်း အသိအမှတ် ပြုထားပါသည်။

ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုအတွက် သော့ချက်ကျသော အချက်နှစ်ချက် လိုအပ်ပါသည်။ ပထမအချက်မှာ အခွင့်အရေးကို တောင်းဆို ရယူပိုင်ခွင့်နှင့် ဆုံးဖြတ်ချက်ချရာတွင် ပါဝင်နိုင်ခွင့်ဟု အဓိပ္ပာယ်ဖွင့်ထားသည့် ပါဝင်ဆောင်ရွက်မှု ဖြစ်ပါသည်။ဒုတိယမှာ စွမ်းရည် မြှင့်တင်ခြင်း ဖြစ်ပြီး ယူအင်န်ဒီပီက လူ့အခွင့်အရေးကို အခြေခံသည့် ချဉ်းကပ်မှု Human Rights Based Approach (HRBA) အစီအစဉ်ကို အဆိုပြုထားပါသည်။ ဤအောက်တွင် အိန္ဒိယ၊ သီရိလင်္ကာနှင့် ဆူဒန်တောင်ပိုင်းစသည့် နိုင်ငံသုံးခုရှိ ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု နမူနာများကို ဖော်ဆောင် ပြထားပါသည်။

ဒုတိယပိုင်းတင်ပြချက်မှာ အစိုးရနှင့် ပုဂ္ဂလိကတို့ လက်တွဲလုပ်ကိုင်ခြင်း PPP အကြောင်း ဖြစ်ပါသည်။ လူ့အသိုက်အဝန်းအတွင်းမှ တိုးပွားလာနေသည့် ဝန်ဆောင်မှုလိုအပ်ချက်များကို အစိုးရတစ်ဦးတည်း အနေဖြင့် ဆောင်ရွက်ပေးနိုင်မည် မဟုတ်ကြောင်း မှတ်သားရသဖြင့် မစ်စ်ပီလာပိတိယက PPP သည် မြို့ပြဒေသ အဆင့်များတွင် လက်တွဲဆောင်ရွက်ရန် အကောင်းဆုံး အကြံအစည်တစ်ရပ် ဖြစ်ကြောင်း အစိုးရနှင့် ပုဂ္ဂလိကတို့၏ လက်ထဲ၌ ငွေအရင်းအမြစ်များ အသိပညာနှင့် ကျွမ်းကျင်မှုများကို ပေါင်းစုပြီး နိုင်ငံသား အားလုံးထံ အခြေခံဝန်ဆောင်မှုများကို ရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်ကြောင်းတင်ပြသွားပါသည်။ အစိုးရနှင့်ပုဂ္ဂလိက နှစ်ခုလုံးထံမှ အားသာချက်များကို ပေါင်းစပ်လုပ်ဆောင်ခြင်း PPP သည် လုံးဝပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းနည်းလမ်း၏ အခြားတစ်နည်း ဖြစ်ပါသည်။ လီဆိုသို မာလာဝီ၊ နီပေါနှင့် ဖိလစ်ပိုင်နိုင်ငံများမှ နမူနာများဖြင့် အကျဉ်းဆွေးနွေး တင်ပြသွားပါသည်။

## <u>လာအိုပြည်သူ့သမ္မတနိုင်ငံ- ဝန်ဆောင်မှုပေးခြင်း ကောင်းမွန်ရေးအတွက် ပြည်သူ့အုပ် ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများ</u>


*(မစ်စတာနီဆစ်ဘီရို ပန်ညာ —ပြည်ထဲရေးဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ၏ ညွှန်ကြားရေးမှူးချုပ်နှင့် အမျိုးသားအစိုးရနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု အစီအစဉ် မန်နေဂျာ)*

လာအိုပြည်သူ့သမ္မတနိုင်ငံကို ၁၉၇၅ တွင် တည်ထောင်ပြီးနောက် စီးပွားရေးယန္တရား ပုံစံ သစ် NEM ဟု လူအများသိရှိသည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ၁၉၈၆ ခုနစ် စတုတ္ထအကြိမ်ပါတီကွန်ဂရက်က လက်ခံကျင့်သုံးခဲ့ပြီး ဗဟိုမှအမိန့်ပေးသည့် စီးပွားရေးပုံစံမှ ဈေးကွက်အခြေခံသည့် စီးပွားရေးပုံစံသို့ စတင်ပြောင်းလဲခဲ့ပါသည်။ ၁၉၉၁ တွင် အတည်ပြုခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအသစ်သည် ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးတို့နှင့်တကွ တရားဥပဒေအရအုပ်ချုပ်သော ခေတ်မီနိုင်ငံအဖြစ်သို့ ရောက်ရှိရန် ဆက်လက် တွန်းပို့ခဲ့ပါသည်။ အမျိုးသားလွှတ်တော်သည် အဓိကဥပဒေပြု အဖွဲ့အစည်းတစ်ရပ် ဖြစ်လာပါသည်။ ပြည်သူရေးရာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး အစီအစဉ် GPAR သည် အမျိုးသားအဆင့်၊ ဒေသကြီးအဆင့်နှင့် ခရိုင်အဆင့် အုပ်ချုပ်းရေးပြုပြင်ပြောင်းလဲမှုများကို အထောက်အကူ ပြုခဲ့ပါသည်။ ယင်းအစီအစဉ်အရ မူဝါဒရေးဆွဲခြင်း၊ အဖွဲ့အစည်းများနှင့် ဥပဒေဆိုင်ရာ မူဘောင်ချမှတ်ခြင်း၊ အသင်းအဖွဲ့များနှင့် ဖွံ့ဖြိုးရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး၊ လေ့ကျင့်သင်ကြားရေးနှင့် စွမ်းရည်မြှင့်တင်ရေးများကို ပံ့ပိုးပေးပါသည်။ မကြာမီနှစ်များအတွင်း၌ ဝန်ဆောင်မှုပေးခြင်းအပေါ် ပိုမိုအာရုံစူးစိုက်ခဲ့ပြီး အထူးသဖြင့် အစိုးရသည် ထောင်စုနှစ်ရည်မှန်းချက်များအောင်မြင်ရေး၊ အမျိုးသားအဆင့် လူမှုစီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်း ၊ ဒေသန္တရ အုပ်ချုပ်ရေးကိုအင်အားမြှင့်တင်ခြင်းစသည့် သော့ချက်ကိစ္စရပ်များကို ရှေးရှုဆောင်ရွက်ခဲ့ပါသည်။ ဒေသအဆင့်မှ အုပ်ချုပ်သည့် ဝန်ဆောင်မှုများသည် ပြည်သူကို ပိုမို၍ ဗဟိုပြုပြီး ပိုမိုတန်ဖိုးရှိသည်ကို အတွေ့အကြုံများက ညွှန်ပြပါသည်။ UNDP/ UNCDF တို့၏ ထောက်ပံ့မှုဖြင့် ထူထောင်သော ခရိုင်ဖွံ့ဖြိုးရေး ရန်ပုံငွေများကို နိုင်ငံရှိ ခရိုင်အားလုံး၏ သုံးဆယ့်ခုနစ်ရာခိုင်နှုန်းဖြစ်သော ခရိုင်ပေါင်း ၅၃. ၃ ခုတွင် လက်ရှိဆောင်ရွက်နေပြီး စွမ်းရည်နိမ့်ပါးနေသေးသော ပတ်ဝန်းကျင်များတွင် ပိုမိုထိရောက်သော ဝန်ဆောင်မှုများပေးလျှက် ရှိပါသည်။ ဒေသဆိုင်ရာအဆင့်အရာရှိ သုံးထောင်ကျော်သည် ပွင့်လင်းမြင်သာပြီး တာဝန်ခံမှုရှိသည့် နည်းလမ်းများဖြင့် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးလျှက်ရှိပါသည်။ ခရိုင်အဆင့် ဝန်ဆောင်မှု အကဲဖြတ်ခြင်းအစီအစဉ်အရ ကောင်းမွန်သည့် ခရိုင်အဆင့်သတ်မှတ်ချက်များ နှစ်စဉ်ပြုလုပ်ကာ နောင်လာမည့်နှစ်အတွက် ထောက်ပံ့ငွေ ပိုမိုချပေးခြင်းဖြင့် မက်လုံးပေးသည့် အစီအစဉ်ကိုလည်း အကောင်အထည်ဖော်လျှက် ရှိပါသည်။ ယင်းသို့ အကဲဖြတ်ခြင်းသည် အားနည်းချက်များနှင့် ခရိုင်အုပ်ချုပ်ရေး တစ်ခုချင်း၏ လိုအပ်ချက်များကိုလည်း ဖော်ထုတ် ပေးနိုင်ပါသည်။ ၂၀၀၇ မှ စတင်၍ ဝန်ဆောင်မှုပေးခြင်းကို စောင့်ကြည့်သည့် စနစ်နှင့် နိုင်ငံသားများ၏ တုံ့ပြန် အမှတ်ပေးစနစ်တို့ကို သွတ်သွင်းခဲ့ပြီး ယင်းအစီအစဉ်များမှ တွေ့ရှိရသည့် သတင်းအချက်အလက်များက အနာဂတ်တွင် ဒေသတွင်းအဆင့် စီမံကိန်းရေးဆွဲရာတွင် ဆုံးဖြတ်ချက်ချခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းအလိုက် ဦးစားပေးရေးတို့အတွက် အသိပေးကူညီခဲ့ပါသည်။

## နီပေါနိုင်ငံ ဒေသန္တရ အုပ်ချုပ်ရေးနှင့် ရပ်ရွာအဖွဲ့အစည်းဦးဆောင်သည့် ဖွံ့ဖြိုးမှုများ

*(မစ်စတာဘိုရပ်ချ် နီရူလာ- ပြည်ထောင်စုရေးရာနှင့် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တွဲဖက်အတွင်းဝန်)*

၎င်းတင်ပြချက်သည် နိုင်ငံတော်အနေဖြင့် ဒေသန္တရအဆင့် အစိုးရ၏ စီမံအုပ်ချုပ်မှုကို အင်အားဖြည့်ပေးပြီး ဝန်ဆောင်မှုပေးခြင်း ဆိုင်ရာ အနိမ့်ဆုံးစံနှုန်းများ သတ်မှတ်ခြင်း၊ ဝန်ဆောင်မှုကို အကဲဖြတ်ခြင်း၊ အစီအစဉ်များ လုပ်ဆောင်ခဲ့ခြင်းဖြင့် ပိုမိုထိရောက်ပြီး တုံ့ပြန်မှုကောင်းသည့် ဝန်ဆောင်မှုများ ရရှိခဲ့သည့် သင်ခန်းစာများကို မီးမောင်းထိုးပြပါသည်။ အဆင့်အားလုံးရှိ အစိုးရအဖွဲ့အစည်း အမျိုးမျိုးအကြား လုပ်ပိုင်ခွင့်များ ၊ ပါဝင်ရမည့် အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်းပီပြင်မှုရှိစေရေးနှင့် အထက်အောက်အဆင့် တပြေးညီအဆင့်များအတွင်း ကောင်းမွန်စွာ ညှိနှိုင်းနိုင်သည့် ယန္တရားလိုအပ်ကြောင်းကိုလည်း မီးမောင်းထိုးပြပါသည်။ မစ်စတာနီရူလာက အဆိုပါ လုပ်ငန်းစဉ်တွင် ရပ်ရွာအဖွဲ့အစည်း၏ အခြေခံယန္တရားကို တည်ဆောက်ထားခြင်းအပြင် ပိုမိုကောင်းမွန်သော လူမှုရေးလုံခြုံမှုနှင့် ကဏ္ဍအလိုက် တာဝန်ရှိသည့်အဖွဲ့များ အချင်းချင်း ညှိနှိုင်းဖြေရှင်းနိုင်ရန် အစီအစဉ်များလည်း ပါဝင်ကြောင်း ၊ တစ်ပြိုင်တည်းတွင် ဒေသဆိုင်ရာ အစိုးရများအနေဖြင့် သူတို့၏ လုပ်ပိုင်ခွင့်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးကိစ္စများကို လွှဲပြောင်းပေးရန် လိုအပ်ကြောင်း အဆိုပါ အကူးအပြောင်း ကာလအတွင်း ဗဟိုအစိုးရက တောင့်တင်းသည့် ခေါင်းဆောင်မှုပေးရမည် ဖြစ်ကြောင်း ထောက်ပြဆွေးနွေး တင်ပြပါသည်။ (အောက်ခြေမှ အထက်သို့ စီမံကန်းရေးဆွဲခြင်း အသေးစိတ် လုပ်ငန်းစဉ်ကို ဇယားလေးဖြင့် တင်ပြပါမည်။)





### *အိန္ဒိယနိုင်ငံ- ပြည်သူကိုပိုမို၍ ဗဟိုပြုသော ဝန်ဆောင်မှုပေးခြင်းနှင့်တာဝန်ခံခြင်းအတွက် သတင်းအချက်အလက်များရရှိရေး*

*(မစ်စတာရာဂူနန်ဒန်၊IAS အရာရှိဟောင်းနှင့် ပုဂ္ဂလိက ကျွမ်းကျင်သူ)*

အိန္ဒိယနိုင်ငံကိစ္စ၌ လွပ်လပ်စွာ ဖွဲ့စည်းခွင့်၊ လွတ်လပ်သောသတင်းစာများနှင့် မီဒီယာ၊ သဘာရင့်ပြီး တက်ကြွသည့် အရပ်ဖွဲ့ အဖွဲ့အစည်းများတို့ ကြိုတင်၍ ရှိနှင့်ပြီးဖြစ်ကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံကိစ္စ၌ သတင်းအချက် အလက်များ ရရှိရေး ပိုမို ကောင်းမွန်အောင်ဆောင်ရွက်ရန် ဦးစားပေးသင့်ကြောင်း သို့မှသာ နိုင်ငံသားများ အနေဖြင့် သူတို့၏ ရပိုင်ခွင့်ရှိသည့် ဝန်ဆောင်မှုများကိုသိရှိရေး၊ ရရှိအောင်လုပ်ဖို့ နည်းလမ်းများနှင့် နစ်နာမှုများကို တိုင်ကြားရန်နှင့် ပြန်လည်အသိပေးရန် ရှိပါက ဆောင်ရွက်ရမည့် နည်းလမ်းများကို သိရှိနိုင်မည် ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံတွင် ၂၀၀၅ ခုနှစ်၌ ထုတ်ပြန်ခဲ့သည့် သတင်းရယူခွင့် ဥပဒေ The Right to Information Act (RTI) သည် အဓိက ဖြစ်ပါသည်။ စိတ်ဝင်စားစရာအချက်မှာ အဆိုပါ ဥပဒေသည် အထက်မှစတင် ချမှတ်ခြင်းမဟုတ်ဘဲ နိုင်ငံတစ်ဝှမ်းရှိ ပြည်နယ် အများအပြား၌ ပြည်နယ်အဆင့် ဥပဒေပြု လွှတ်တော်များက ထုတ်ပြန်ခဲ့သည့် သတင်း ရယူခွင့်ဥပဒေများ၏ နောက်ဆက်တွဲသဘော ဖြစ်ပေါ်လာခြင်းပင် ဖြစ်

ပါသည်။ အိန္ဒိယနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှု အစီအစဉ်များအရ ၁၉၉၂ ခုနှစ် ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးဥပဒေ ၊ ကျေးလက်ဒေသတွင် အလုပ်အကိုင်ရရှိခွင့် ဥပဒေ(၂၀၀၅)၊ ပညာသင်ယူခွင့်ဥပဒေ(၂၀၁၀)၊ စားနပ်ရိက္ခာ လုံခြုံမှုဥပဒေ (၂၀၁၃) နှင့် လက်ရှိ ဆွေးနွေးနေဆဲဖြစ်သည့် ဝန်ဆောင်မှုများ ရယူခွင့်ဥပဒေများကို ပြဋ္ဌာန်းခဲ့ပုံကို ဇယားဖြင့်ဖော်ပြပါသည်။




သတင်းရယူခွင့်ဥပဒေ RTI သည် အစိုးရဌာနများနှင့် ဒေသအစိုးရများ လိုက်နာရန်သာမက အစိုးရမှ တိုက်ရိုက်သော် လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ငွေကြေးအမြောက်အများ ထောက်ပံ့ထားသည့် အန်န်ဂျီအို NGO များအတွက်ပါ လိုက်နာရပါသည်။ ယင်းလုပ်ငန်း၏ သော့ချက်ရလဒ်တစ်ခုမှာ ဒေသဆိုင်ရာ အစိုးရများအပေါ် ဖိအား ပိုမိုများပြားလာပြီးနောက် သူတို့ဘက်ကလည်း စွမ်းဆောင်ရည် တိုးမြှင့်ပေးရန်တောင်းဆိုလာခြင်း ဖြစ်ပါသည်။ ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရ ဘက်မှလည်း တုံ့ပြန်မှုအနေဖြင့် ရန်ပုံငွေများ ပိုမို ချပေးကြပါသည်။

ထို့အပြင် အစိုးရသင်တန်းကျောင်းများတွင် စွမ်းရည်မြှင့်တင်ရေး သင်တန်းများပေးခြင်း ၊ အုပ်ချုပ်ရေးစနစ် ပြုပြင်မှုများနှင့် စီးပွားရေးဆိုင်ရာ စီစစ်ချက်များ လွယ်ကူရေး အစီအစဉ်များတွင် ရန်ပုံငွေများ ပိုမို ရင်းနှီးမြှုပ်နှံ ပေးပါသည်။ နောက်ဆုံးအနေဖြင့် အီး-ဂါးဗားမင့် e-Governance ဖြင့် ဆောင်ရွက်မှုကြောင့် ဝင်ငွေခွန်ကိစ္စ၊ တန်ဖိုးမြင့် အခွန်ကောက်ခံရေး ကိစ္စစသည့် ဝန်ဆောင်မှုအပိုင်းတို့တွင် လာဘ်စားမှုများ သိသိသာသာ လျော့နည်းသွားကြောင်းနှင့် အခြားကိစ္စများဖြစ်သည့် နေရာစီမံအုပ်ချုပ်မှုအပိုင်းစသည်တို့တွင် လာဘ်စားမှုများ လျော့နည်းရေးကို ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

## စုံညီဆွေးနွေးပွဲ

တစ်ဦးချင်း ဆွေးနွေးတင်ပြချက်များအပြီး စုံညီဆွေးနွေးရာတွင် တက်ရောက်သူများက ၎င်းတို့အမြင်များကိုထုတ်ဖော်ပြောပြီး မေးခွန်းများစွာကို မေးမြန်းခဲ့ပါသည်။ အစိုးရ၏ ဆောင်ရွက်ချက်များနှင့် ယုံကြည်မှုတည်ဆောက်ရေး ပိုမိုကောင်းမွန်လာစေရန်အတွက် သတင်းအချက်အလက်များရရှိရေး၏ အရေးပါမှုကို အလေးထားပြောဆိုပါသည်။ထို့ပြင် လူ့အခွင့်အရေးကို အခြေခံ၍ချဉ်းကပ်ပုံ HRBA၊ ကုမ္ပဏီများ၏ လူမှုရေးတာဝန်ရှိမှု CSR နှင့် အစိုးရနှင့် ပုဂ္ဂလိက လက်တွဲဆောင်ရွက်ခြင်း PPP တို့အကြောင်း ရှင်းလင်းချက်များနှင့် နီပေါနှင့် အိန္ဒိယနိုင်ငံ နှစ်ခုတို့တွင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် လာဘ်ပေးလာဘ်ယူကိစ္စ ကိုင်တွယ်ပုံတို့ကိုလည်း စိတ်ဝင်တစားမေးမြန်းကြပါသည်။ နိုင်ငံရေးအရ တင်းမာမှုများကို ကိုင်တွယ်ရန်နှင့် ဥပဒေးမိုးမှုတို့၏ အရေးပါပုံ နှင့်ဆက်သွယ်မှုများကိစ္စကို ပွင့်လင်းသည့် အပြန်အလှန် ဆွေးနွေးမှုနှင့် အလေးပေးပြောဆိုကြပါသည်။

## အုပ်စုဖွဲ့ဆွေးနွေးခြင်း

### *ကူညီသူ မစ်စ် ဆုဂျာလာပန်း-ဒေသန္တရအုပ်ချုပ် ရေးဆိုင်ရာ အထူးကျွမ်းကျင်သူ ယူအန်န်ဒီပီ အာရှပစိဖိတ် ဒေသရုံး*

ဆွေးနွေးချက်မှာ မြန်မာနိုင်ငံရှိ ပါဝင်ပက်သက်သူများအနေဖြင့် ပြည်သူဗဟိုပြု ဝန်ဆောင်မှုပေးရေးကိုအားဖြည့်ပေးရန်အတွက် အတူတကွမည်သို့လုပ်ကိုင်ရမည် ဆိုသည့် အကြောင်းအ

ရာဖြစ်ပါသည်။ အုပ်စုလေးစုဖွဲ့၍ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေးကြပါသည်။

၁။ ပြည်သူ့ဗဟိုပြု ဝန်ဆောင်မှု ပေးရာတွင်
၂။ အစိုးရနှင့် ပုဂ္ဂလိက လက်တွဲလုပ်ကိုင်ခြင်း PPP ဒေသန္တရ ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းတွင် အများပါဝင်သည့် ဝန်ဆောင်မှု ပေးခြင်း၌ နိုင်ငံသားများ ပါဝင်မှု၊
၃။ ပွင့်လင်းမြင်သာမှု၏ တိုးတက်လာရေးနှင့် သတင်း အချက်အလက်များ ရရှိရေး၊
၄။ ဝန်ဆောင်မှု ပေးရာတွင် ပိုမိုတိုးတက်ရေး အတွက် အဖွဲ့အစည်းများ၏ စွမ်းရည်တိုးတက်ရေးတို့ ဖြစ်ပါသည်။

## အုပ်စု ၁။ ပြည်သူ့ဗဟိုပြုဝန်ဆောင်မှု ပေးရာတွင်အစိုးရနှင့်ပုဂ္ဂလိက လက်တွဲလုပ်ကိုင်ခြင်း (PPP)

***ကူညီသူများ-ဦးတင်အောင်ချို -ယူအန်န်ဒီပီ အကြံပေးပုဂ္ဂိုလ်၊မစ္စတာ ခရစ်စတိုဖာ ကာဇာမာစကီ၊ ယူအန်န်ဒီပီဒေသဆိုင်ရာရုံး-ဘန်ကောက်***

အုပ်စုသည်အောက်ပါလုပ်ငန်းကဏ္ဍများကို စတင် ဆောင်ရွက်နိုင်မည့် အလားအလာများ အဖြစ် ဖော်ထုတ်ခဲ့ပါသည်။

- ပတ်ဝန်းကျင် လေ့လာရေးခရီးစဉ်များ
- ကျန်းမာရေးကုသမှု
- အသေးစားငွေရေးကြေးရေး ချေးငွေ လုပ်ငန်း

အထက်ပါလုပ်ငန်းများနှင့်ပက်သက်သော အဓိက စိန်ခေါ်မှုများမှာ

- ပီပီပီ PPP အကြောင်း သိရှိမှုနည်းပါးခြင်း
- လုပ်ထုံး လုပ်နည်းများနှင့် လမ်းညွှန်ချက် လိုအပ်နေခြင်း
- ပြည်ထောင်စုအဆင့်တွင် သင့်လျော်သည့် စောင့်ကြည့်ခြင်း အစီအစဉ်များ လိုအပ်နေခြင်း
- အသေးစားငွေရေးကြေးရေး ချေးငွေ လုပ်ငန်းတွင် အထူးသဖြင့် ဘဏ္ဍာငွေ ရှာဖွေခြင်း၊ ချေးငွေ ထုတ်ချေးခြင်းနှင့် ကြွေးဆုံးရှုံးမှုများ

အခွင့်အလမ်းများမှာ

- ရင်းနှီးမြုပ်နှံမှုများ တိုးတက်လာခြင်းသည် ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း
- အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူ့ဗဟိုပြု အဖွဲ့အစည်းများ ပိုမို ပေါ်လွင်လာပြီး သြဇာရှိလာခြင်း
- ငွေစုဆောင်းမှုနှင့် ရင်းနှီးမြုပ်နှံမှုများ တိုးပွားလာခြင်းတို့ ဖြစ်ပါသည်။

အဓိက ဇာတ်ကောင်များ၏ အခန်းကဏ္ဍကို အောက်ပါအတိုင်း အကြံပြုချက်နှင့်အတူ မြို့နယ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြည်ထောင်စုအဆင့် အသီးသီးရှိ အစိုးရများအတွက် ရှင်းလင်းသည့် လမ်းညွှန်ချက်များ လိုအပ်ကြောင်း အကြံပြုပါသည်။

လွှတ်တော်များ-

ဥပဒေပြဋ္ဌာန်းပေးခြင်း၊ အတည်ပြုခြင်း၊ တိုးတက်မှုများကို လွှမ်းခြုံကြည့်ရှုပြီး အဆင့်ဆင့်သော အစိုးရများ၏ လုပ်ငန်းများ ညှိနှိုင်းပေးခြင်း၊

အရပ်ဖက်အဖွဲ့အစည်းများ-

လမ်းညွှန်ချက်များ ရေးဆွဲရာတွင် အကြံဉာဏ်ပေးခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ရေးလုပ်ငန်းစဉ်တွင် အကြံပေးခြင်းနှင့် နောက်ထပ်အကြံပေးပုဂ္ဂိုလ်ဖြင့် ဆောင်ရွက်ခြင်း

ဖွံ့ ဖြိုးမှုအတွက် တွဲဖက်လုပ်ကိုင်သူများ -

နည်းပညာဆိုင်ရာ စွမ်းရည်အကြံဉာဏ်များ ပေးခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ရေး လုပ်ငန်းစဉ်များအတွက် အတွေ့အကြုံနှင့် ဗဟုသုတများ ဝေငှပေးခြင်း၊

## အုပ်စု ၂ ။ ဒေသန္တရ စီမံကိန်းရေးဆွဲရာတွင် နိုင်ငံသားများ ပါဝင်ဆောင်ရွက်ရေးနှင့် အားလုံး အတွက် ဝန်ဆောင်မှု ပေးခြင်း

***ကူညီသူ- ဦးအေးလွင်- ယူအန်န်ဒီပီ မြန်မာ၊ တွဲဖက် ဒေါက်တာအန်ကီဒယ်လီနပ်ပ် ယူအန်န်ဒီပီ မြန်မာ***

အစိုးရအနေဖြင့် ပြည်သူများ အဓိပ္ပာယ်ရှိရှိ ပါဝင်ဆောင်ရွက်ရေးကိစ္စ အောင်မြင်စွာ ဆောင်ရွက်ရန်အတွက် ၎င်း၏ စီမံကိန်းများနှင့် မူဝါဒများကို ပြည်သူများထံ အသိပေးဖို့ လိုအပ်ကြောင်း စတင်ဆွေးနွေးပါသည်။ ပြည်သူ့ကိုယ်စားလှယ်များသည် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်ခွင့်ရှိရပါမည်။ တစ်ချိန်တည်းတွင် မှန်ကန်စွာဆုံးဖြတ်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ပြည်သူတို့ပါဝင်မှုသည် အရေးကြီးပါသည်။ ရပ်ကွက်နှင့် ကျေးရွာအဆင့်များ၏ လိုအပ်ချက်များကို ဦးစားပေး အစီအစဉ်ဖြင့် ဒေသများတွင် အဆင့်အတန်း သတ်မှတ်ထားရှိရပါမည်။ အရင်းအမြစ်များမှာ အကန့်အသတ်ရှိပါသဖြင့် ဦးစားပေးအဆင့် သတ်မှတ်ဖို့ အဓိကကျပါသည်။ ယင်းသို့ သတ်မှတ်ရေး ဆုံးဖြတ်ရာတွင်လည်း ပွင့်လင်းမြင်သာမှု ရှိရပါမည်။ စီမံကိန်းရေးဆွဲရာတွင် အစိုးရ၏ လုပ်ငန်း အကောင်အထည်ဖော်မှုများကို ထောက်ပံ့ပေးနိုင်သည့် ပြည်တွင်းပြည်ပ အလှူရှင်များနှင့် အတူတကွဖြစ်နိုင်သမျှ ဆောင်ရွက်ရန် လိုအပ်ပါသည်။

ယခုလက်ရှိတွင် စီမံကိန်းများသည် မြို့နယ်အဆင့် ကော်မတီများထံမှ တက်လာသော်လည်း ပြည်သူ့အသံများကို လုံလောက်သည့် ကိုယ်စားပြုမှု မရှိကြောင်း မှတ်ချက်ပြုပါသည်။

စီမံကိန်းရေးဆွဲသည့်လုပ်ငန်းစဉ်တွင် သော့ချက်ကဏ္ဍများမှာ ပါဝင်သူများနှင့် လုပ်ငန်းများသည် အောက်ပါအတိုင်း ဖြစ်ပါသည်။

အစိုးရဝန်ကြီးဌာနများ --

ပေါ်လစီချမှတ်ခြင်းနှင့်
လုပ်ငန်းအကောင်အထည်ဖော်ခြင်း

လွှတ်တော်များ -- ဥပဒေပြဌာန်းခြင်း

ရပ်ရွာအခြေပြုအဖွဲ့အစည်းများ --

အသိပေးတင်ပြဆွေးနွေးခြင်းနှင့် အစိုးရ၏ တာဝန်ခံမှုကို အရယူပေးခြင်း --

ဖွံ့ ဖြိုးမှုအတွက် လက်တွဲလုပ်ကိုင်သူများ --

ဘဏ္ဍာရေးနှင့် နည်းပညာ ထောက်ပံ့ပေးခြင်း

ပုဂ္ဂလိကများ --

လူမှုရေးဆိုင်ရာစည်းကမ်းနှင့်တာဝန်များ
လိုက်နာရန်

ကော်မတီများ --

ကွန်ရက်စနစ်ဖြင့်ချိတ်ဆက်ခြင်း (Networking)

ဘာသာရေးအခြေခံသည့် အဖွဲ့အစည်းများ --

အကြံဉာဏ်ပေးခြင်းနှင့် ကွန်ရက်စနစ်ဖြင့် ချိတ်ဆက်ပေးခြင်း

**အုပ်စု ၃ ။ ပွင့်လင်းမြင်သာမှုကို ပိုမိုကောင်းမွန်စေခြင်း၊သတင်းအချက်အလက်များရရှိရေး**

*ကူညီသူ—— ဒေါ်စန္ဒာသန့် ယူအန်န်ဒီပီ မြန်မာ၊ တွဲဖက်- ဒေါက်တာရှိုပရာ နာရာမူရီ ယူအန်န်ဒီပီ မြန်မာ*

မြန်မာနိုင်ငံတွင် အစိုးရနှင့် ပြည်သူများအကြား သတင်းအချက်အလက်များ စီးဆင်းမှုကို ဖွင့်ပေးရန် အရေးကြီးသောလက်ရှိတွင် ယင်းလုပ်ငန်းစဉ်၌ အကန့်အသတ်များနှင့် အခွင့်အလမ်းများစွာတို့ ရှိနေပါသည်။ လက်ရှိဥပဒေပြဌာန်းခြင်း (ရပ်ကွက် ကျေးရွာ ဥပဒေ)၊ သတင်းအချက်အလက်များ၏ တိကျမှုနှင့် အရည်အသွေး သတိပေးသူများ Whistleblowers အား အကာအကွယ်ပေးရေးတို့ ပါဝင်ပါသည်။ အီးဂါးဗားနှင့် e-Governance လုပ်ထုံးလုပ်နည်းများ တည်ထောင်ခြင်းနှင့် အစိုးရအား ပိုမိုပွင့်လင်းမြင်သာပြီး နိုင်ငံသားများအပေါ် တာဝန်ခံမှု ပိုမိုရှိစေရန် ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်တွင် ပါဝင်ပက်သက်သူများနှင့် ၎င်းတို့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

လွှတ်တော်များ-- အမျိုးသားအဖွဲ့အစည်းများ၊ ဘာသာရေးနှင့် လူမှုအဖွဲ့အစည်းများ အပါအဝင် အရပ်ဖက် အဖွဲ့အစည်းများနှင့် အစိုးရအကြား တွေ့ထိမှုကို အားပေးခြင်း

မီဒီယာများ-- နိုင်ငံသားများအား သတင်းပေးခြင်း၊ ပြည်သူ့နီတိပညာပေးခြင်းနှင့် အတူ မီဒီယာကျင့်ဝတ် စံနှုန်းများ မြင့်မားရေးထိန်းသိမ်းဆောင်ရွက်ခြင်း

ဖွံ့ဖြိုးမှုအတွက် လက်တွဲလုပ်ကိုင်သူများ -- အရင်းအမြစ်များ၊ နည်းပညာနှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးမှု လုပ်ဆောင်ပေးခြင်း

ပုဂ္ဂလိကများ-- အရပ်ဖက်အဖွဲ့အစည်းများနှင့် လူမှုရေးဆိုင်ရာစည်းမျဉ်းနှင့် ဝတ္တရားများကို စောင့်ထိန်းခြင်း၊ နိုင်ငံသားများအား စီးပွားရေးသတင်းနှင့် ဈေးကွက်သတင်းများ မျှဝေပေးခြင်း။

**အုပ်စု ၄ ။ဝန်ဆောင်မှုပေးခြင်း ကောင်းမွန်လာရေးအတွက်ဖွဲ့စည်းခြင်းနှင့် အဖွဲ့အစည်းများ၏ စွမ်းရည်တိုးတက်လာရေး။**

*ကူညီသူ—— ဒေါ်သင်းသင်းအောင်- ယူအန်န်ဒီပီ မြန်မာ၊ တွဲဖက်- မစ္စတာ ပေါလ်ဘင်ဟုဒ် ယူအန်န်ဒီပီ မြန်မာ*

ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးသည် မြန်မာနိုင်ငံအတွက် လွန်စွာအရေးကြီးကြောင်းနှင့် နိုင်ငံတွင် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိသည့် မူဝါဒနှင့် စီမံကိန်းများနှင့်လည်း လမ်းကြောင်းတူညီပါကြောင်း အတည်ပြုကြပါသည်။ သို့ရာတွင် အစိုးရဝန်ဆောင်မှု ပိုမိုကောင်းမွန်လာရေး ရေရှည်တည်တံ့ရန်အတွက် အများပြည်သူနှင့် တိုင်ပင်၍ လိုအပ်သည့် ဥပဒေများပြဌာန်းသင့်ပါသည်။ သတင်းဖြန့်ချိရေးသည် အလွန်အရေးကြီးပြီး အခြေခံလူတန်းစားများက သတင်းကို သိရှိနိုင်သည့် နည်းလမ်းများဖြင့် ဖြန့်ဝေပေးရန် ဖြစ်ကြောင်း၊ သတင်းဖြန့်ဝေရေးနှင့် နားလည်သိရှိရေး စွမ်းရည်များ တည်ဆောက်ရာတွင် ဒေသန္တရအစိုးရများ၊ ယူအန်န်ဒီပီနှင့် ပြည်တွင်းရှိ ကျွမ်းကျင်သူများ ပူးပေါင်းပါဝင်သင့်ကြောင်း မှတ်ချက်ပြုပါသည်။ လူ့အရင်းအမြစ်များ၏ အရည်အချင်း ပြည့်ဝရေးတွင် ကြီးမားသည့် အကန့်အသတ်များရှိနေကြောင်း၊ အဓိကအားဖြင့် ဒေသန္တရအဆင့်များတွင် ဖြစ်ပါကြောင်း၊ ဒေသန္တရဖွံ့ဖြိုးမှုနှင့် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်း သင်တန်းများနှင့် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များကို စီစဉ်ဆောင်ရွက်သင့်ကြောင်း မှတ်ချက် ပြုပါသည်။

အခွင့်အလမ်းများနှင့် ပက်သက်၍ လက်ရှိအဖွဲ့အစည်းများ၊ ဌာနများသည် စွမ်းရည်တိုးတက်ရေးလုပ်ပေးနိုင်ပါက သူတို့၏ လုပ်ငန်းတာဝန်များကို ပိုမိုကောင်းမွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း ၄င်းဌာနများနှင့် လက်တွဲဆောင်ရွက်သည့် အဖွဲ့များကလည်း ကျယ်ပြန့်သည့်အခြေခံနိုင်ငံရေး ထောက်ပံ့မှုများပေးရန် စိတ်ဝင်စားနေကြကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအတွက် အခွင့်ကောင်းတစ်ရပ် ဖြစ်ပါကြောင်း သုံးသပ် ကြပါသည်။

## ပြန်လည်တင်ပြခြင်းနှင့်ဆွေးနွေးခြင်း

ဆွေးနွေးသည့်အုပ်စုအားလုံးက စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများကို မီးမောင်းထိုးပြ ပြီးနောက် သတင်းအချက်အလက်များ မျှဝေပေးခြင်း၊ အထူးသဖြင့် သတင်း ဖြန့်ချိရေးအတွက် ရေဒီယိုနှင့် နည်းပညာ အသစ်များအသုံးပြုရန် အရေးကြီးကြောင်း ထောက်ပြကြပါသည်။ ဆွေးနွေးတင်ပြချက်များသည် **ဝန်ကြီး**ဌာနများအပါအဝင် လူမှုအဖွဲ့အစည်းများ၊ မီဒီယာနှင့် အသိပညာရှင်များတို့၏ တာဝန်အသီးသီးကို ထောက်ပြကြပါသည်။ အုပ်စုများအကြား တူညီသည့် အကြောင်းအရာတစ်ခုမှာ ပါဝင်ပက်သက်သူ အားလုံးအတွက်နှင့် အဆင့်အားလုံးတို့အတွက် သင်တန်းများနှင့် စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ပေးရန် လိုအပ်ချက်ဖြစ်ပါသည်။

## နိဂုံး

## အတွေ့အကြုံများကို လက်တွေ့အသုံးချခြင်း -မည်သည့်မှတ်သားစရာများ ယူဆောင်သွားရမည်နည်း။

***သဘာပတိ- ဦးကိုကိုလှိုင်- နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ်***

အဓိက အရေးပါသော ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့များ (အစိုးရ၊ နိုင်ငံအများနှင့် အစိုးရအချင်းချင်း ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် တတ်သိ ပညာရှင်များ) ထဲမှ ရွေးချယ်ထားသော ပုဂ္ဂိုလ်များအား သူတို့၏နိဂုံးချုပ် မှတ်ချက်များနှင့် ဆွေးနွေးပွဲမှ ယူဆောင်သွားရမည့် အချက်များကို ဝေမျှပေးရန် ဖိတ်ကြားထားပါသည်။ တစ်ချိန်တည်းတွင် ဦးကိုကိုလှိုင်က ရေရှည်တည်တံ့မည့် အပြောင်းအလဲဖြစ်ရန်မှာ အတွေးအခေါ်နှင့် စိတ်ဓာတ်များကို ပြောင်းလဲဖို့ လိုအပ်ကြောင်း၊ အထူးသဖြင့် အစိုးရဝန်ထမ်းများသည် သူတို့၏ အခန်းကဏ္ဍအသစ်ကို လိုလားစွာလက်ခံကြရန် လိုအပ်ပြီး ကူညီဆောင်ရွက်ပေးသူများ၊ ပညာပေးသူများ၊ သတင်းအချက်အလက်များ ဖြန့်ဝေပေးသူများနှင့် နားထောင်သူများအဖြစ် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ပါဝင်ပက်သက်သူများ အားလုံးအကြား ယုံကြည်မှုတည်ထောင်ရန် အတွက် အချိန်နှင့် မဆုတ်မနစ်သော ကြိုးပမ်းမှုများလည်း လိုအပ်နေကြောင်း သုံးသပ်ပါသည်။

***ဦးထွန်းလှအောင်-***
***ညွန်ကြားရေးမှူးချုပ်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပြည်ထဲရေးဝန်ကြီးဌာန***

ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရတို့သည် တူညီသောရည်မှန်းချက်ဖြင့် လက်တွဲလုပ်ကိုင်ကြရန် လိုအပ်ကြောင်း ၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ စီးပွားရေးတွင် အကျိုးသက်ရောက်မှုများနှင့်နိုင်ငံအတွင်း ဒီမိုကရေစီစနစ် တည်ဆောက်ရေးဆီသို့ချီတက်ရာတွင် မိမိတို့ပါဝင်ရမည့် အခန်းကဏ္ဍကို တစ်ဖက်နှင့်တစ်ဖက် အသိပေးရန် လိုအပ်ကြောင်း အလေးထား ပြောကြားပါသည်။ အစိုးရ၏ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွင်ပါဝင်ကြသည့် ဝန်ထမ်းများ၏ စွမ်းရည်လျော့နည်းမှုများမှာ အလွန်ကြီးမားကြောင်း အဆင့်အားလုံးတွင် အုပ်ချုပ်မှုဆိုင်ရာ အခြေခံကိန်းဂဏန်း အချက်အလက်များ အရည်အသွေး ညံ့ဖျင်းခြင်းနှင့် အကန့်အသတ်ဖြင့်သာ ရရှိနိုင်ခြင်းတို့သည် အဟန့်အတား တစ်ခုဖြစ်ကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် ယူအန်နီဒီပီမှ

ဆောင်ရွက်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်နှင့် မြို့နယ်အဆင့်များ၏ စွမ်းရည်မြှင့်တင်ရေး လိုအပ်ချက်များကို လေ့လာတင်ပြရေး အစီအစဉ်အား ကြိုဆိုပါကြောင်းနှင့် အစီအစဉ် အကောင်အထည်ဖော်ရာတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတည်ပြု ပြောဆိုပါသည်။

### *ဦးဇော်လင်းထွန်း- ဒုတိယညွှန်ကြားရေးမှူးချုပ် - မွန်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန*

ယခုလုပ်ငန်းစဉ်သည် မြန်မာပြည်သူများအား ဝန်ဆောင်မှုပေးရာတွင် ပိုမိုကောင်းမွန်ရေး အတွက် ရှည်လျားသည့်ခရီး၏ ပထမအဆင့်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များတွင် ဆိုးရွားသည့် စွမ်းရည်ချို့တဲ့မှုများ ရှိနေပါသည်။ ၎င်းအချက်သည် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ အခန်းကဏ္ဍအသစ်ဖြင့် လုပ်ငန်းတာဝန်ထမ်း ဆောင်နိုင်စွမ်းကို ကြီးမားစွာ အချုပ်အချယ်ပြုလျှက်ရှိပါသည်။ ပြည်သူများက သူတို့ယုံကြည်အားထားရသည့် အစိုးရမျိုးကို အလိုရှိကြပါသည်။ သို့ဖြစ်၍ ပြည်သူ့ဝန်ထမ်းများ အနေဖြင့် အစိုးရအပေါ် ပြည်သူများ၏ ယုံကြည်မှုကို ပြန်လည်ရရှိရေးအတွက် ကြိုးစားလုပ်ကိုင်ရန်နှင့် လူမှုအဖွဲ့အစည်းများ အတွင်းရှိ အခြားအုပ်စုများနှင့်လည်း လက်တွဲလုပ်ကိုင်ရန် လိုလားကြောင်း ပြသရမည် ဖြစ်ကြောင်း၊ ယင်းရည်မှန်းချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အစိုးရအဖွဲ့၊ ရပ်ရွာအဖွဲ့အစည်းများနှင့် မီဒီယာတို့၏ စွမ်းဆောင်ရည်များကို ဖြည့်တင်းပေးရန် လိုအပ်ကြောင်း အလေးထား ပြောကြားသွားပါသည်။

### *မစ္စတာခရစ်မီလီဂန်-ယူအက်စ်အေအိုင်ဒီ အဖွဲ့ ညွှန်ကြားရေးမှူး*

ယခုကျင်းပသည့် ကောင်းမွန်သော ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အချိန်ကာလသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်အား အထောက်အပံ့ ပေးရန်အတွက် အချိန်ကောင်းဖြစ်ပြီး လမ်းကြောင်းနှင့်လည်း တစ်ထပ်တည်း ကျပါသည်။ ပြုပြင်ပြောင်းလဲမှုများသည် အမှန်တကယ်ဖြစ်ရန်နှင့် ပြည်သူများက ရရှိခံစားနိုင်ရန်လည်း လိုအပ်ကြောင်း နိုင်ငံရေးတွင် ဗဟိုချုပ်ကိုင်မှုကို လျှော့ချပေးခြင်းနှင့် တစ်ပြိုင်တည်း အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးကဏ္ဍများ၌လည်း ချုပ်ကိုင်မှုလျှော့ချပေးရန် လိုအပ်ကြောင်း၊ ထိုချုပ်ကိုင်မှုလျှော့ချခြင်းသည် အစိုးရ၏ အဆင့်တစ်ခုအား လုပ်ကိုင်ခွင့်ကို တိုးမြှင့်ပေးပြီး အခြားအဆင့်တစ်ခုကို လုပ်ကိုင်ခွင့်လျှော့ချပေးခြင်း မဟုတ်ကြောင်း၊ သင့်တော်သည့် အစိုးရဝန်ဆောင်မှုလုပ်ငန်းကို အခြား မှန်ကန်သည့်အဆင့်သို့ တာဝန်ပေးအပ်ခြင်းသာ ဖြစ်ကြောင်း၊ ထိရောက်သော ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် ကောင်းမွန်သည့် ဒေသန္တရအုပ်ချုပ်ရေးတို့ ဖြစ်ပေါ်လာရန် အတွက်အောက်ပါတို့ လိုအပ်ကြောင်း ပြောကြားပါသည်။

- သက်ဆိုင်ရာ ဥပဒေများကို ပြန်လည်သုံးသပ်ပြီး ညှိနှိုင်းပြင်ဆင်ခြင်း
- ပါဝင်ပက်သက်သူအားလုံးက လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းစွာ နားလည် သဘောပေါက်ခြင်းနှင့်
- မြို့နယ်စီမံကိန်း ရေးဆွဲမှု ပိုမိုကောင်းမွန်လာရေးတို့ ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးမှု လက်တွဲဆောင်ရွက်သူများကိုယ်စား မစ္စတာမီလီဂန်က မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို အထောက်အကူပြုရန် ဆန္ဒရှိခြင်းနှင့် အစိုးရ၏ စွမ်းဆောင်ရည် ဖြည့်ဆည်းပေးရေး လုပ်ငန်း

အား အထောက်အပံ့ပေးရန် လိုလားပါကြောင်း ထပ်မံအတည်ပြု ပြောကြားပါသည်။

## *မစ္စတာ တို်င်လီကာဗာနေ့ ၊ မြန်မာ နိုင်ငံဆိုင်ရာညွှန်ကြားရေးမှူး-ယူအန်န်ဒီပီ*

ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို ထူထောင်ရာတွင် အစိုးရအဖွဲ့နှင့် ပါလီမန်တို့၏ ဦးဆောင်မှုကို လိုအပ်ပါကြောင်း၊ ဒေသဆိုင်ရာနှင့် ကမ္ဘာတစ်ဝှမ်းမှ နမူနာကောင်းများ၏ လှုံ့ဆော်မှုကို ရယူနိုင်သော်လည်း ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်သည် အမျိုးသားပိုင်နှင့် အမျိုးသားလုပ်ရှားမှုသာ ဖြစ်ရမည်ဖြစ်ပြီး Organic အသက်ရှင်လှုပ်ရှားနေဖို့ လိုအပ်ကြောင်း ၊ ရှေ့တွင် စိန်ခေါ်မှုများ ရှိနေသော်လည်း ဗဟိုအဆင့်နှင့် အစိုးရအဖွဲ့ နိုင်ငံတော်သမ္မတတို့၏ ခိုင်မာသော ခေါင်းဆောင်မှု ကိုသိသာထင်ရှားစွာ တွေ့နိုင်ကြောင်း၊ ဒေသန္တရအဆင့်တွင် ပြောင်းလဲမှုဖြစ်ပေါ်ရန် ဆောင်ရွက်ခြင်းသည် အနာဂတ် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားရမည့် သော့ချက်ဖြစ်ပါကြောင်း မှတ်ချက် ပြုပါသည်။

အလုပ်ရုံ ဆွေးနွေးပွဲမှအပြန် ယူဆောင်သွားရမည့်အောက်ပါသော့ချက် အကြောင်းအရာ လေးခုရှိပါကြောင်း၊လက်ရှိဆောင်ရွက်ဆဲနှင့် နောက်တစ်ဆင့် ဆက်လက်ဆောင်ရွက်ရမည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များလည်း ဖြစ်ပါကြောင်း၊

- ပါဝင်ပက်သက်သူ အားလုံးအကြား ယုံကြည်မှု တည်ဆောက်ရေးနှင့် အပြန်အလှန် အယုံကြည်ရေး၊ ဆက်လက်၍ စွမ်းရည်ဖွံ့ဖြိုးတိုးတက်လာရေး
- ပြည်သူ့ အုပ်ချုပ်ရေးစနစ်ကို ခိုင်မာအောင်တည်ဆောက်ခြင်း၊ ဗဟိုအဆင့်မှ ပြည်နယ်ဒေသကြီး အဆင့်ထံသို့ လုပ်ပိုင်ခွင့်များကို အမိန့်စာဖြင့်လုပ်ပိုင်ခွင့် လွှဲအပ်ပေးခြင်း၊ ရှင်းလင်းသည့် နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ပေးခြင်း၊ အစိုးရဝန်ဆောင်မှု လုပ်ငန်းများ ခေတ်မီလာစေရေးနှင့် လုပ်ကိုင်ဆောင်ရွက်ရန် ရည်ရွယ်ထားသည့် ကဏ္ဍများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးလာရေးတို့ ပါဝင်ပါသည်။
- ပြည်သူ့အတွက် ဦးတည်သည့် ဝန်ဆောင်မှု ပေးခြင်း
- ထိန်းထိန်းသိမ်းသိမ်းဖြင့် စွန့်စားလုပ်ကိုင်ခြင်းနှင့် ဆန်းသစ်တီထွင်မှုများကို စမ်းသပ် ပြုလုပ်ခြင်း (ဥပမာ)-ဒေသန္တရဆိုင်ရာ ပြည်သူ့ဘဏ္ဍာရေး သို့မဟုတ် ဒေသန္တရဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲခြင်း၊

မစ္စတာကာဗာနေ့က UNDP မှ အဆိုပြုထားသည့် ဒေသန္တရအုပ်ချုပ်မှုဆိုင်ရာ လေ့လာချက်နည်းစနစ်များအပေါ် နှံ့စပ်စွာ ဆွေးနွေးကြခြင်းနှင့် ယခုတက်ရောက်ကြသူ အားလုံးက ထပ်ဆင့်အတည်ပြုပေးခဲ့ခြင်း အပေါ်ကျေနပ်အားရမှုရှိပါကြောင်း၊ UNDP အနေဖြင့် နည်းစနစ်ပိုင်းပုံစံများ အပြီးသတ်အတည်ပြုရာ၌ ယခုကဲ့သို့ ပြန်လည်အကြံဉာဏ်လာမှုများကို စနစ်တကျထည့်သွင်းစဉ်းစားသွားမည် ဖြစ်ပါကြောင်း၊ UNDP သည် တိုင်းရင်းသားများနေထိုင်သည့် ဒေသများအတွင်း နိုင်ငံရေးနှင့် အခြား သတိထားရမည့် ကိစ္စများအပေါ် သတိဖြင့် တုံ့ပြန်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ယခုလုပ်ငန်းစဉ်ကို လမ်းညွှန်ပေးရန်အတွက် ယူအန်န်ဒီပီမှ အဆိုပြုထားသည့် အကြံပေး ကော်မတီတစ်ရပ်ဖွဲ့စည်းနိုင်ရေးမှာလည်း အရေးကြီးပါကြောင်း တက်ရောက်သူများကို ပြောကြားပါသည်။ နိဂုံးချုပ်အနေဖြင့် အလားတူ အခမ်းအနားများကို နောင်တွင် ဆက်လက်ကျင်းပသွား မည်ဖြစ်ကြောင်းနှင့် ကမ္ဘာ့တောင်ပိုင်း နိုင်ငံများအကြား အပြန်အလှန်အတွေ့အကြုံ ဖလှယ်ခြင်း (south-

south exchange) နှင့် အ ခြားလေ့လာရေး အခွင့်အလမ်းများ ဖန်တီးပေး မည်ဖြစ်ကြောင်း ထပ်မံအတည်ပြု ပြောကြားပါ သည်။

### *ဒေါက်တာဇော်ဦး - အမှုဆောင်ဒါရိုက်တာ —မြန်မာဖွံ့ဖြိုးမှု အရင်းအမြစ်များအဖွဲ့ အစည်းကြီး*

မြန်မာနိုင်ငံသည် လွန်ခဲ့သည့် လပေါင်းသုံးဆယ် အတွင်း အောင်မြင်မှုများစွာကို ရရှိခဲ့ပြီး ပြုပြင် ပြောင်းလဲမှုများကို လမ်းကြောင်းမှန်ဖြင့် ဦးတည် သွားရောက်လျှက် ရှိပါကြောင်း ၊ အကူးအ ပြောင်း ကာလအတွင်း စိန်ခေါ်မှုပေါင်းများစွာ နှင့် ရင်ဆိုင်နေရဆဲ၌တွင် အပြောင်းအလဲ သုံး ရပ်ကို တစ်ပြိုင်တည်း လုပ်ဆောင်ရခြင်းသည် လုပ်ငန်းစဉ်ကို ပိုမိုရှုပ်ထွေးစေခဲ့ကြောင်း၊ ပြောင်း လဲမှု အစီအစဉ်များကို စနစ်တကျ ဦးစားပေး ဆောင်ရွက်သွားနိုင်ရန် အရေးကြီးပါကြောင်း ပြောကြားပါသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချရေး ဗျူဟာသည် အသွားနှင့်အပြန် နှစ်လမ်းရှိပါ ကြောင်း၊ အစိုးရများအချင်းချင်းအကြား ဘဏ္ဍာ ရေးကိစ္စဆက်ဆံမှု၌ ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပုံစံကို ပြန်လည်ရေးဆွဲပြီး ပိုမိုကောင်းမွန်သည့် ပုံစံဖြင့် ဒေသန္တရအဆင့် အစိုးရအဖွဲ့အစည်း များထံ ပြန်လည်လွှဲပေးရန် ဆောင်ရွက်နေဆဲ ကာလအတွင်း ယာယီအားဖြင့် ဗဟိုချုပ် ကိုင်မှု များကို ထားရှိရန်လိုအပ်ဦးမည် ဖြစ်ပါ ကြောင်း၊ ရှေ့တွင်ဆွေးနွေးခဲ့သူများက အုပ်ချုပ်ရေးပိုင်းပြု ပြင်ရာ၌ Organic သက်ရှိဖြစ်ပြီး ရှင်သန်နိုင် ရန်လိုအပ်သည်ဆိုသည့် ဆွေးနွေးချက်ကို ပဲ့တင် ထပ်၍ ပြောကြားလိုကြောင်း လှည်းဘီးကို အ သစ်ပြန်လည်တီထွင်ရန် လိုအပ်မည်မဟုတ်သော် လည်း သော့ချက်မှာ အစိုးရဝန်ထမ်းများအား ဉာဏ်သစ်လောင်းရန်နှင့် လမ်းညွှန်မှုပေးရန် အာ ရုံစိုက်သင့်ပါကြောင်း ပြောကြားပါသည်။

## ဆွေးနွေးပွဲ-ပိတ်ပွဲ အစီအစဉ်

### *အမှာစကားပြောကြားသူ- ဗိုလ်မှူးချုပ်ကျော်ဇံမြင့်-ဒုတိယဝန်ကြီး- ပြည်ထဲရေးဝန်ကြီးဌာန*

ယခုကဲ့သို့ လမ်းထွင်ပြီး အောင်မြင်စွာ ကျင်းပ ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပေးသည့် UNDP နှင့် တွဲဖက်အဖွဲ့အစည်းများကို ကျေးဇူး တင်ရှိပါကြောင်း၊ ပါဝင်ပက်သက်သူ အမျိုးမျိုးကို စုစည်းပြီး ယခုလိုအရေးကြီးအ ကြောင်းအရာ များကို ဆွေးနွေးခြင်း၏အရေးပါမှုကို အလေး ထား ပါကြောင်းနှင့် ဆက်လက်၍ အပြန်အလှန် ဆွေးနွေးသွားမည့် အစီအစဉ်များကို မြန်မာအစိုး ရဘက်မှ ထောက်ခံပါကြောင်း အတည်ပြု ပြောကြားပါသည်။

### *အမှာစကားပြောကြားသူ- မစ္စတာတိုင်လီကာဗာနေဒ့-မြန်မာနိုင်ငံ ဆိုင်ရာ ညွှန်ကြားရေးမှူး-ယူအင်ဒီပီ*

ယခုပြုလုပ်သည့် အမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲ ဖြစ်မြောက်ရေးနှင့် အောင်မြင်ရေး အတွက် အားပေးခဲ့ကြသည့် နိုင်ငံတော်သမ္မတ ရုံးမှ ဝန်ကြီးနှစ်ပါးနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီး ဌာနတို့မှ သူတို့၏ လုပ်ဖော်ကိုင်ဖက် ပုဂ္ဂိုလ်များ အား ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အစိုး ရ၏ပြုပြင်ပြောင်းလဲမှုအစီအစဉ်များအား UNDP မှ ဆက်လက် ထောက်ပံ့သွားမည်ဖြစ်ကြောင်း နိဂုံးချုပ်အနေဖြင့် ယခု အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဟောပြောပေးကြသည့်ကျွမ်းကျင်သူ ပုဂ္ဂိုလ် များ၊ ဆွေးနွေးပွဲစီစဉ်သူများနှင့် တက်ရောက်ကြ သူအားလုံးကို ဤအမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲအောင်မြင်ရန် သူတို့၏ကြိုးပမ်းမှုများ အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြော ကြားပါသည်။

နောက်ဆက်တွဲ(၁)

| |
|---|
| ကောင်းမွန်သောဒေသန္တရအုပ်ချုပ်ရေးနှင့် ပြည်သူ့ဗဟိုပြု<br>ဝန်ဆောင်မှုများဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ- ဒေသတွင်းရှိ အကောင်းဆုံး<br>အတွေ့အကြုံများမှ ကျွန်ုပ်တို့ ဘာတွေလေ့လာ နိုင်သနည်း<br>၁၇-၁၈ ဩဂုတ်လ (၂၀၁၃)<br>မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (MICC)<br>နေပြည်တော် ၊ မြန်မာ |

ဆွေးနွေးပွဲ အစီအစဉ်

| ပထမနေ့ — ၂၀၁၃ ၊ဩဂုတ်လ (၁၇) ရက် စနေနေ့ | |
|---|---|
| ၇း၃၀ မှ ၈း၀၀ | တက်ရောက်သူများ မှတ်ပုံတင်ခြင်း |
| ၈း၀၀ မှ ၈း၁၅ | ကြိုဆိုနှုတ်ခွန်းဆက် မိန့်ခွန်း<br>ဒုတိယဗိုလ်ချုပ်ကြီး ကိုကို-ပြည်ထောင်စုဝန်ကြီး- ပြည်ထဲရေး ဝန်ကြီး ဌာန |
| ဒေသန္တရ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများ - နိဒါန်းပျိုးခြင်း | |
| ၈း၁၅ မှ ၉း၀၀ | မြန်မာနိုင်ငံ အခြေအနေ<br>အဓိကမှတ်ချက်ပြုတင်ပြသူ မိန့်ခွန်း - ဦးလှထွန်း - နိုင်ငံတော်သမ္မတရုံး ဝန်ကြီး<br>လက်ရှိဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို မိတ်ဆက်ပေးရန်နှင့် မြန်မာနိုင်ငံအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများနှင့် မြို့နယ် အုပ်ချုပ်ရေးများ၏ အနာဂတ် အခန်းကဏ္ဍအပေါ် အမြင်များကို ဖော်ပြရန် ရည်ရွယ်ပါသည်။ |
| ၉း၀၀ မှ ၉း၃၀ | အခန်း (၁) UNDP၏မိန့်ခွန်း<br>မစ္စတာ တိုင်လီ ကာဗာနော့ — မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး - UNDP မြန်မာ<br>ဒေသန္တရ အုပ်ချုပ်ရေးနှင့် ပြည်သူ ဗဟိုပြု ဖွံ့ဖြိုးမှု အစီအစဉ်ကို ထောက်ခံတင်ပြရန်နှင့် UNDP ၏ ပါဝင်မှု အပိုင်းကို အသိပေးရန် ရည်ရွယ်ပါသည်။ |
| ၉း၃၀ မှ ၁၀း၂၀ | အခန်း (၂) အရှေ့တောင်အာရှ ဒေသတွင်း ဒေသန္တရ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများ - ခြုံငုံသုံးသပ်ခြင်း<br>ပရော်ဖက်ဆာ — စကော့ဖရစ်စင် — နယူးယောက် တက္ကသိုလ်- ဝက္ကနာ ပြည်သူ့ အုပ်ချုပ်ရေးကျောင်း<br>အရှေ့တောင်အာရှ ဒေသအတွင်း ကောင်းမွန်သော ဒေသန္တရ အုပ်ချုပ်ရေး အကောင်အထည်ဖော်မှုနှင့် ထိရောက်သော |

| | |
|---|---|
| | ပြည်သူ့ ဝန်ဆောင်မှုပေးရေး ပြုပြင်ပြောင်းလဲမှုများ၏ အတွေ့အကြုံများကို လွှမ်းခြုံတင်ပြပေးရန် ရည်ရွယ်ပါသည်။ |
| ၁၀း၂၀ မှ ၁၀း၃၀ | စုပေါင်း ဓာတ်ပုံရိုက်ခြင်း |
| ၁၀း၃၀ မှ ၁၀း၅၀ | ခေတ္တရပ်နားခြင်း |
| **ဒေသန္တရ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများ - အတွေ့အကြုံမှ ရရှိသော သင်ခန်းစာများ** | |
| ၁၀း၅၀ မှ ၁၁း၀၀ | အခန်း (၃) ဒေသန္တရ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများ - အရှေ့တောင်အာရှ နိုင်ငံများမှ နမူနာ<br>သဘာပတိ — မစ္စတာ ဒေးဗစ် ဂျက်စင် — ညွှန်ကြားရေးမှူး - ဒေသန္တရဖွံ့ဖြိုးမှုဘဏ္ဍာရေးလုပ်ငန်းဌာန —UNCDF နယူးယောက်<br>အရှေ့တောင်အာရှ ဒေသတွင်း၌ ကောင်းမွန်သော အုပ်ချုပ်မှုနှင့် အများနှင့်သက်ဆိုင်သော ကဏ္ဍပြောင်းလဲမှု အကောင်အထည်ဖော်ခြင်းမှ အတွေ့အကြုံများနှင့် ဒေသန္တရအဆင့် စီမံကိန်းရေးဆွဲခြင်းနှင့် ရသုံးငွေရေးဆွဲခြင်း အတွေ့အကြုံများကို မျှဝေတင်ပြရန် ရည်ရွယ်ပါသည်။ |
| ၁၁း၀၀ မှ ၁၁း၄၅ | ဆွေးနွေးတင်ပြခြင်း(၁) —<br>အင်ဒိုနီးရှားနိုင်ငံ — အုပ်ချုပ်ရေးစနစ်နှင့် အများဆိုင်ရာ ကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ - ဒေါက်တာ မာဒီ ဆို၀မ်ဒီ- ပြည်ထဲရေးဝန်ကြီးဌာန —ညွှန်ကြားရေးမှူးချုပ်ဟောင်း |
| ၁၁း၄၅ မှ ၁၂း၃၀ | ဆွေးနွေးတင်ပြချက် (၂)-<br>ကမ္ဘောဒီးယားနိုင်ငံ အများပါဝင်သည့် စီမံကိန်းရေးဆွဲခြင်းနှင့် ဒေသန္တရဖွံ့ဖြိုးမှု ရန်ပုံငွေများ- မစ္စတာ မင်မန်းနီး NCDD ကမ္ဘောဒီးယား |
| ၁၂း၃၀ မှ ၁၃း၀၀ | စုံညီအဖွဲ့တွင် ပြန်လည်ဆွေးနွေးခြင်း |
| ၁၃း၀၀ မှ ၁၄း၀၀ | နေ့လည်စာ သုံးဆောင်ခြင်း |
| ၁၄း၀၀ မှ ၁၄း၀၅ | အခန်း (၄) —<br>အုပ်ချုပ်ရေးကို အကဲဖြတ်ခြင်း- အရှေ့တောင်အာရှ ဒေသတွင်းမှ မြန်မာနိုင်ငံနှင့် ဆီလျော်သော နမူနာများ -<br>သဘာပတိ — မစ္စတာ ခရစ်ရှန် ဟိန်းဇယ်လ် - ဒေသန္တရ အုပ်ချုပ်ရေးဆိုင်ရာ UNDP မြန်မာအဖွဲ့ခေါင်းဆောင်<br>တင်ပြရန်ရှိသည့် မြန်မာနှင့် ဆီလျော်သည့် လေ့လာချက် နည်းစနစ် အဆိုပြုချက် အပါအဝင် အုပ်ချုပ်မှုလေ့လာချက်နှင့် အကဲဖြတ်ချက်များကို ကောင်းမွန်သည့် ဒေသန္တရအုပ်ချုပ်ရေးအတွက် မည်ကဲ့သို့ အသုံးချရမည်ကို ရှင်းလင်းတင်ပြရန် ရည်ရွယ်ပါသည်။ |

| | |
|---|---|
| ၁၄း၀၅ မှ ၁၄း၂၀ | ဆွေးနွေးတင်ပြချက်(၁)<br>နိဒါန်း- အုပ်ချုပ်မှု အကဲဖြတ်ခြင်းသည် ကောင်းမွန်သော ဒေသန္တရ အုပ်ချုပ်ရေး လုပ်ငန်းများနှင့် အဘယ့်ကြောင့် သက်ဆိုင်မှု ရှိပါသလဲ၊<br>မစ္စတာ ဂျွန်ဆင်မြူရယ် — ဒီမိုကရက်တစ် အုပ်ချုပ်ရေးဆိုင်ရာ အကြီးတန်း အကြံပေး ပုဂ္ဂိုလ် UNDP အော်စလို ရုံးခွဲ |
| ၁၄း၂၀ မှ ၁၄း၅၀ | ဆွေးနွေးတင်ပြချက်(၂)<br>ကိစ္စတစ်ရပ်လေ့လာခြင်း- ဗီယက်နာမ်နိုင်ငံ၏ ပြည်သူ့အုပ်ချုပ်ရေး ဆောင်ရွက်မှု အညွှန်းကိန်း<br>PAPI ဒေါက်တာ ဟုန်ဂျန်ဒန်း - လက်ထောက်ညွှန်ကြားရေးမှူး - CEDODES ဟန္နိုင်မြို့ |
| ၁၄း၅၀ မှ ၁၅း၃၅ | ဆွေးနွေးတင်ပြချက်(၃)<br>ကောင်းမွန်သော အုပ်ချုပ်မှုအတွက် စွမ်းဆောင်ရည်ကို လေ့လာခြင်း - မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်နှင့် မြို့နယ်အဆင့်များတွင် ဆောင်ရွက်ရန် အဆိုပြုထားသည့် နည်းစနစ် — မစ္စတာ ပေါလ်ဝမ်ဟု - ဒေသန္တရ အုပ်ချုပ်ရေး လေ့လာမှု ကျွမ်းကျင်သူ UNDP |
| ၁၅း၃၅ မှ ၁၆း၀၀ | စုံညီအဖွဲ့ဖြင့် ပြန်လည်ထင်ဟပ် ဆွေးနွေးခြင်း |
| ၁၆း၀၀ မှ ၁၆း၁၀ | ခေတ္တရပ်နားခြင်း |
| **ဒေသန္တရအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲခြင်း-မြန်မာနိုင်ငံနှင့်ဆီလျော်သောအတွေ့အကြုံများ** | |
| ၁၆း၁၀ မှ ၁၇း၁၀ | အခန်း (၅) အုပ်စုဖွဲ့ဆွေးနွေးခြင်း<br>ကူညီသူ — မစ္စတာ ပေါလ်ဝမ်ဟု — ရှေ့ပိုင်းတွင် တင်ပြခဲ့သော အချက်အလက်များကို အခြေခံ၍ ယင်းအတွေ့အကြုံများနှင့် နည်းပညာများသည် မြန်မာနိုင်ငံတွင် မည်ကဲ့သို့ အသုံးချနိုင်ကြောင်း ဆွေးနွေးရန် ရည်ရွယ်ပါသည်။<br>အုပ်စု ၄ စု ခွဲပါမည်။ ၂ စုသည် ခေါင်းစဉ် အမှတ်(၁) အခြားနှစ်စုသည် ခေါင်းစဉ် အမှတ်(၂) ကို ဆွေးနွေးရန် (မြန်မာဘာသာဖြင့် ဆွေးနွေးမည် ဖြစ်သော်လည်း မြန်မာစကား မပြောသူများ တက်ရောက်နိုင်ပါသည်။ ဘာသာပြန် အနည်းအကျဉ်းသာ ဆောင်ရွက်ပေးနိုင်ပါသဖြင့် ယခုအချိန်အတွင်း အခြားသော နှစ်ဦးနှစ်ဘက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နိုင်ပါသည်။<br>ခေါင်းစဉ်(၁) အဖွဲ့(၁) မြန်မာနိုင်ငံအတွင်း ဒေသန္တရ အုပ်ချုပ်ရေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးမှု<br>ညှိနှိုင်းပေးသူ — ဒေါ်စန္ဒာသန့် - UNDP မြန်မာ။<br>တွဲဘက် — မစ္စ သုစိသာ၊ UNDP အာရှပစိဖိတ်ဒေသဆိုင်ရာရုံး၊ |

| | |
|---|---|
| | ဘန်ကောက်။<br>ခေါင်းစဉ်(၁) အဖွဲ့(၂) မြန်မာနိုင်ငံအတွင်း ဒေသန္တရ အုပ်ချုပ်ရေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးမှု<br>ညှိနှိုင်းပေးသူ — ဒေါ်သင်းသင်းအောင် - UNDP မြန်မာ —<br>တွဲဘက် — မစ္စတာ ဂျွန်ဆင်မြူရယ်၊ UNDP အော်စလို အုပ်ချုပ်ရေးစင်တာ။<br>ခေါင်းစဉ်(၂) အဖွဲ့(၃) မြန်မာနိုင်ငံ ဒေသန္တရအဆင့် အုပ်ချုပ်ရေး လေ့လာချက်အတွက် အဆိုပြု နည်းစနစ်များ<br>ညှိနှိုင်းပေးသူ — ဦးအေးလွင် - UNDP မြန်မာ။<br>တွဲဘက် — မစ္စဆူဂျာလာပန်၊ UNDP အာရှပစိဖိတ်ဒေသဆိုင်ရာရုံး၊ ဘန်ကောက်။<br><br>ခေါင်းစဉ်(၂) အဖွဲ့(၄) မြန်မာနိုင်ငံ ဒေသန္တရအဆင့် အုပ်ချုပ်ရေး လေ့လာချက်အတွက် အဆိုပြု နည်းစနစ်များ<br>ညှိနှိုင်းပေးသူ — ဦးတင်အောင်ချို - UNDP မြန်မာ အကြံပေး။<br>တွဲဘက် — ဒေါက်တာ ရှီပရာ နရန်ဆူရီ၊ UNDP မြန်မာ။ |
| ၁၇း၃၀ မှ ၁၈း၀၀ | အခန်း (၆) စုံညီအဖွဲ့တွင် ပြန်လည်မျှဝေ ဆွေးနွေးခြင်း<br>သဘာပတိ- ဒေါ်လဲ့လဲ့သိန်း - ဒုတိယဝန်ကြီး - အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးမှု ဝန်ကြီးဌာန<br>တွဲဘက်သဘာပတိ — မစ္စတာ ပေါလ်ဗမ်ဟု —<br>အုပ်စုတစ်ခုချင်း ဆွေးနွေးပွဲမှရရှိသည့် အမြင်နှင့် အကြံပြုချက်များကို အခန်း(၄)တွင် အဆိုပြုတင်ပြခဲ့သည့် နည်းပညာနှင့် ဆက်စပ်တင်ပြပေးရန် ရည်ရွယ်ပါသည်။ ယင်းအကြံဉာဏ်များကို နောက်တစ်ဆင့် ဆောင်ရွက်မည့် မြန်မာနိုင်ငံ အုပ်ချုပ်ရေး လေ့လာမှု အစီအစဉ်တွင် ထည့်သွင်းအသုံးပြုရန် ဖြစ်ပါသည်။ |
| ၁၈း၀၀ | ပထမနေ့ အစီအစဉ် ပြီးဆုံးခြင်း |

| ဒုတိယနေ့ -၂၀၁၃ ခုနှစ် ဩဂုတ်လ(၁၈)ရက် တနင်္ဂနွေနေ့ | |
|---|---|
| **ပြည်သူ့ဗဟိုပြု ဝန်ဆောင်မှုပေးခြင်း** | |
| ၈း၀၀ မှ ၈း၁၅ | ပထမနေ့ အစီအစဉ်များ ပြန်လည်သုံးသပ်တင်ပြခြင်းနှင့် ဒုတိယနေ့ အစီအစဉ်များကို မိတ်ဆက်ခြင်း-<br>ဒေါ်ခင်စန်းရီ- ဒုတိယဝန်ကြီး - အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးမှု ဝန်ကြီးဌာန |
| ၈း၁၅ မှ ၉း၀၀ | အဓိကမှတ်ချက်ပြုတင်ပြသူ — မြန်မာနိုင်ငံ ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးရေး ဆောင်ရွက်ချက် လုပ်ငန်းများ<br>ဦးတင်နိုင်သိန်း - နိုင်ငံတော်သမ္မတရုံး ဝန်ကြီး - မြန်မာနိုင်ငံတွင် ဒေသန္တရ အုပ်ချုပ်ရေး ခိုင်မာရန်အတွက် လုပ်ဆောင်နေသည့် အစီအစဉ်များကို မိတ်ဆက်ပေးရန်နှင့် အောက်ခြေမှ စတင်သည့် စီမံကိန်းရေးဆွဲခြင်းနှင့် ပြည်သူ့ဗဟိုပြု ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရန် ရည်ရွယ်ပါသည်။ |
| ၉း၀၀ မှ ၉း၀၅ | အခန်း(၁) ပြည်သူ့အခြေပြု ဝန်ဆောင်မှု လုပ်ငန်းများ - ဒေသတွင်းနိုင်ငံများမှ နမူနာများ<br>သဘာပတိ- ဒေါက်တာတင်မောင်သန်း - ညွှန်ကြားရေးမှူး - (MDRI )ပြည်သူကို ပိုမိုအာရုံစိုက်သည့် အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးရေး ပြောင်းလဲမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် ဒေသတွင်းမှ နိုင်ငံများ၏ အတွေ့အကြုံများကို မျှဝေပေးရန် ရည်ရွယ်ပါသည်။ |
| ၉း၀၅ မှ ၉း၃၀<br><br><br><br><br><br><br>၉း၃၀ မှ ၁၀း၁၅ | ဆွေးနွေးတင်ပြချက်(၁)<br>ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးမှုနှင့် အစိုးရနှင့် ပုဂ္ဂလိက လက်တွဲဆောင်ရွက်ချက် PPP - UNDP ၏ အမြင် -<br>မစ်စ် သုစီသာ ပီတာပိတိယ -UNDP အာရှ ပစိဖိတ်ဒေသရုံး -<br>ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးမှု၏ ဆိုလိုရင်းများ၊ UNDP မှ ကူညီပံ့ပိုးခဲ့သည့် နိုင်ငံများ၏ နမူနာများကို လွှမ်းခြုံ သုံးသပ်တင်ပြရန် ရည်ရွယ်ပါသည်။<br>ဆွေးနွေးတင်ပြချက်(၂)<br>လာအိုနိုင်ငံ ပြည်သူ့ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုနှင့် ဝန်ဆောင်မှုပေးခြင်းကို ပိုမိုကောင်းမွန်စေခြင်း<br>မစ္စတာ နီစစ် ကျိုပန်ညာ — ညွှန်ကြားရေးမှူးချုပ်- လာအိုနိုင်ငံ စီမံကိန်းရေးဆွဲရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးဌာန |
| ၁၀း၁၅ မှ ၁၀း၄၅ | ခေတ္တရပ်နားခြင်း |
| **ပြည်သူ့ဗဟိုပြု ဝန်ဆောင်မှုများ - ဒေသတွင်းနိုင်ငံများမှ နမူနာများ (အဆက်)** | |
| ၁၀း၄၅ မှ ၁၁း၃၀ | ဆွေးနွေးတင်ပြချက်(၃) |

| | |
|---|---|
| | နီပေါနိုင်ငံ — ဒေသန္တရအုပ်ချုပ်ရေးနှင့် ရပ်ရွာမှ ဦးဆောင်သော ဖွံ့ဖြိုးမှု— မစ္စတာ- နိုရိုလာ — နီပေါနိုင်ငံ ပြည်ထောင်စုရေးရာနှင့် ဒေသန္တရ ဖွံ့ဖြိုးမှု ဝန်ကြီးဌာန တွဲဘက် အတွင်းရေးမှူး |
| ၁၀း၃၀ မှ ၁၂း၁၅ | ဆွေးနွေးတင်ပြချက်(၄)<br>အိန္ဒိယနိုင်ငံ ပြည်သူကို ပိုမို၍ ဗဟိုပြုသည့် ဝန်ဆောင်မှုပေးခြင်းနှင့် တာဝန်ခံခြင်းအတွက် သတင်းအချက်အလက် ရရှိရေး - မစ္စတာ ရာဂူနန်ဒန် - အိန္ဒိယ IAS အရာရှိဟောင်း |
| ၁၂း၁၅ မှ ၁၃း၀၀ | စုံညီအဖွဲ့တွင်ပြန်လည် ထင်ဟပ်ဆွေးနွေးခြင်း |
| ၁၃း၀၀ မှ ၁၄း၀၀ | နေ့လည်စာ သုံးဆောင်ခြင်း |
| ၁၄း၀၀ မှ ၁၅း၃၀ | အခန်း (၂) ပြည်သူဗဟိုပြု ဝန်ဆောင်မှုများ<br>မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုနှင့် အခွင့်အလမ်းများ<br>ကူညီဆောင်ရွက်သူ —မစ်စ်ဆူဂျာလာပန့် UNDP ပြည်သူဗဟိုပြု ဝန်ဆောင်မှုပေးခြင်းကို အင်အားဖြည့်တင်းရန် အတွက် မြန်မာနိုင်ငံမှ ပါဝင်ပတ်သတ်သူ အသီးသီး အနေဖြင့် မည်ကဲ့သို့ အတူတကွ လုပ်ဆောင်နိုင်ကြောင်း သုံးသပ်တင်ပြရန် ရည်ရွယ်ပါသည်။ တက်ရောက်သူများအား အုပ်စုများခွဲ၍ အကြောင်းအရာအလိုက် ဆွေးနွေးတင်ပြရန် အစီအစဉ် ပါဝင် ပါသည်။<br>အုပ်စုဖြင့် ဆွေးနွေးရန် — ခေါင်းစဉ်(၁)<br>ပြည်သူဗဟိုပြု ဝန်ဆောင်မှုပေးခြင်းအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း (PPP)<br>ညှိနှိုင်းဆောင်ရွက်သူ- ဦးတင်အောင်ချို၊ အကြံပေး၊ UNDP မြန်မာ<br>တွဲဘက် — မစ္စတာ ခရစ်စတိုဖာ ကာဇမာစကီး - UNCDF ဘန်ကောက်<br>ခေါင်းစဉ်(၂)<br>စီမံကိန်းရေးဆွဲခြင်းနှင့် အများပါဝင်သည့် ဝန်ဆောင်မှုပေးခြင်းတွင် နိုင်ငံသားများ ပါဝင်ဆောင်ရွက်မှု<br>ညှိနှိုင်းဆောင်ရွက်သူ- ဦးအေးလွင် - UNDP မြန်မာ<br>တွဲဘက် — ဒေါက်တာ အန်ကီဒယ်လီနတ်စ် - UNDP မြန်မာ<br>ခေါင်းစဉ်(၃)<br>ပွင့်လင်းမြင်သာမှု ကောင်းမွန်လာရေးနှင့် သတင်းအချက်အလက်များ ရရှိရေး<br>ညှိနှိုင်းဆောင်ရွက်သူ- ဒေါ်စန္ဒာသန့် - UNDP မြန်မာ<br>တွဲဘက် — ဒေါက်တာရှိပရာ နာရန်ဆူရီ- UNDP မြန်မာ<br>ခေါင်းစဉ်(၄)<br>ဝန်ဆောင်မှုပေးရေး ကောင်းမွန်စေရန်အတွက် ဖွဲ့စည်းခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်တိုးမြှင့်ပေးခြင်း |

| | |
|---|---|
| | ညှိနှိုင်းဆောင်ရွက်သူ — ဒေါ်သင်းသင်းအောင် - UNDP မြန်မာ<br>တွဲဘက်- မစ္စတာ ပေါလ်ဝမ်ဟု- UNDP မြန်မာ |
| ၁၅း၃၀ မှ ၁၆း၀၀ | အခန်း(၃) စုံညီအဖွဲ့တွင် ပြန်လည်မျှဝေဆွေးနွေးခြင်း<br>သဘာပတိ- ဒေါက်တာ အောင်ထွန်းသက်- နိုင်ငံတော် သမ္မတ၏ စီးပွားရေး အကြံပေး<br>တွဲဘက်သဘာပတိ — မစ်စ် ဆူဂျာလာပန့် —<br>ရွေးချယ်ထားသော အကြောင်းအရာအပေါ် အုပ်စုတစ်ခုချင်း၏ အကြံပြုချက်များကို ပိုမိုကျယ်ပြန့်သည့် အဖွဲ့တွင် ပြန်လည်မျှဝေရန် ရည်ရွယ်ပါသည်။ |
| ၁၆း၀၀ မှ ၁၆း၃၀ | ခေတ္တရပ်နားခြင်း |
| ၁၆း၃၀ မှ ၁၇း၁၅ | အခန်း (၅) အတွေ့အကြုံများအား လက်တွေ့ အသုံးချခြင်း<br>ဘာတွေကို ယူသွားရမလဲ၊<br>သဘာပတိ — ဦးကိုကိုလှိုင် - နိုင်ငံတော်သမ္မတ၏ နိုင်ငံရေး အကြံပေး-<br>အစိုးရအဖွဲ့ ၊ဖွံ့ဖြိုးမှု လက်တွဲဆောင်ရွက်သူများ၊ အရပ်ဘက် အဖွဲ့အစည်းများ ၊ အသိပညာရှင်များ စသည့် ဖွံ့ဖြိုးမှုတွင် ပါဝင်ပတ်သတ်သည့် ကိုယ်စားပြုသူများထဲမှ ရွေးချယ်ထားသော ထင်ရှားသည့် ပုဂ္ဂိုလ်များကို ဖိတ်ကြားပြီး ၄င်းတို့၏ သုံးသပ်ချက်များကို မျှဝေပေးရန်နှင့် ဆွေးနွေးပွဲမှ အပြန် ယူဆောင်သွားရမည့် အချက်များကို မှတ်သားကြရန် ရည်ရွယ်ပါသည်။<br>ဆွေးနွေးမည့် ပုဂ္ဂိုလ်များ -<br>ဦးထွန်းလှအောင်- ညွှန်ကြားရေးမှူးချုပ်- အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ၊ ပြည်ထဲရေး ဝန်ကြီးဌာန<br>ဦးဇော်လင်းထွန်း - ဒုတိယ ညွှန်ကြားရေးမှူးချုပ် - မွန်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန<br>မစ္စတာ ခရစ်စ် မီလီဂန် USAID မစ်ရှင် ညွှန်ကြားရေးမှူး<br>မစ္စတာ တို့ုင်လီ ကာဗာနော့- မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး UNDP မြန်မာ<br>ဒေါက်တာဇော်ဦး - အမှုဆောင် ဒါရိုက်တာ၊ မြန်မာ့ဖွံ့ဖြိုးမှု အရင်းအမြစ်ဆိုင်ရာဌာနကြီး |
| ၁၇း၁၅ မှ ၁၇း၃၀ | ဆွေးနွေးပွဲ ပိတ်ပွဲ<br>ဆွေးနွေးပွဲ ပိတ်ပွဲ မှတ်ချက်များ<br>ဗိုလ်မှူးချုပ် ကျော်ဇံမြင့် — ဒုတိယဝန်ကြီး ပြည်ထဲရေး ဝန်ကြီးဌာန<br>မစ္စတာတို့ုင်လီ ကာဗာနော့ —မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး - UNDP မြန်မာ |